# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၃၅)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ၁၅-၁၀-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၂၄ သို့ ○

ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၁၅)ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ အင်္ဂါနေ့။

မန္တလေး

## စံပြကျေးရွာထူထောင်ခြင်းစီမံကိန်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်း စီမံကိန်း မိတ်ဆက်ပွဲဖြစ်ပါကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် အုန်းပင်စုကျေးရွာ စီမံကိန်းလုပ်ငန်းအပါအဝင် စီမံကိန်းလုပ်ငန်း ၁၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်း၊ ဘက်စုံကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးရေးလုပ်ငန်းစီမံကိန်းများ၏ အတွေ့အကြုံများ၊ အကျိုးရလဒ်များကို အခြေခံပြီး ယခုစီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာ၌ ကျင်းပသည့် စံပြကျေးရွာထူထောင်ခြင်း စီမံကိန်း မိတ်ဆက်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန်က လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာ လုပ်ငန်းအစီအစဉ်များ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံနှင့်အတူ ဆင်းရဲမှုလျှော့ချရေးကဏ္ဍများတွင် ကူးလူးဖလှယ်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကိစ္စရပ်များကိုလည်းကောင်း၊ တာဝန်ရှိသူများက မဲခေါင်-လန်ချန်း နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း အကျဉ်းချုပ်နှင့် စီမံကိန်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း၊ Green House စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကျေးရွာကုန်ထုတ်လမ်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် စံပြကျေးရွာထူထောင်ခြင်းစီမံကိန်းအပါအဝင် မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသည့် မဲကင်းကုန်းကျေးရွာအုပ်စု၊ ဇီးချိုကုန်းကျေးရွာအုပ်စုနှင့် ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ မင်္ဂလာရန်ကင်း ပြည်သူ့အင်္ဂါးအိမ်ရာတို့သို့ ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံခရိုင် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် တာဝန်ရှိသူများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝေယံမင်း၊ အတွင်းရေးမှူး ဦးကျော်မင်းထွန်းနှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စာရင်းစစ်၊ စာရင်းကောက်များ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပုသိမ်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်း ကောက်ယူရန် မြို့ပေါ်ရပ်ကွက်ကြီးတစ်ခု၊ ကျေးရွာအုပ်စု(၅၇)စု၊ ကျေးရွာ(၁၃၇)ရွာအား စာရင်းကောက်အဖွဲ့ ၄၅ ဖွဲ့ဖြင့် စာရင်းကောက်ကွက်ပေါင်း ၅၅၉ ကွက်ကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်နေ့အထိ သန်းခေါင်စာရင်းကောက်ခံလျက်ရှိကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။



ကျေးရွာများတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ အခက်အခဲမရှိဆောင်ရွက်နိုင်ရန် ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ ဦးဆောင်၍ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကျေးရွာများရှိ ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝဇ၅)

ဝ-ဝ-ဝ-ဝ-ဝ

## သီတင်းကျွတ်ကာလ ကန်တော့လက်ဆောင်သစ်သီးခြင်းများ ဈေးမြင့်တက်လာ



**မန္တလေး အောက်တိုဘာ ၁၄**

သီတင်းကျွတ်ကာလ ကန်တော့လက်ဆောင်သစ်သီးခြင်းများ ယခင်နှစ်ထက် ဈေးနှစ်ဆခန့် မြင့်တက်လာကြောင်း လက်ဆောင်သစ်သီးခြင်းရောင်းချသူများထံက သိရသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် ပန်းသီးအပါအဝင် သစ်သီးများ ဝင်ရောက်မှုမရှိသော်လည်း ထိုင်းနိုင်ငံမှ ဝင်ရောက်သည့် သစ်သီးများ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြားမှ ဝင်ရောက်သည့် အသီးများကို ဈေးကွက်ထဲရောင်းချလျက်ရှိရာ ယင်းသစ်သီးများကို သီတင်းကျွတ် ကန်တော့လက်ဆောင်သစ်သီးခြင်းများပြုလုပ်ရောင်းချလျက်ရှိရာ တစ်ခြင်းလျှင် ငွေကျပ် ၃၀၀၀၀၊ ၅၀၀၀၀၊ ၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ယခင်နှစ်များက ငွေကျပ် ၃၀၀၀၀ တန် အသီးခြင်းဆိုလျှင် ကောင်းကောင်းလှလှပပရှိသော်လည်း ယခုနှစ်တွင် ငွေကျပ် ၅၀၀၀၀ တန် အသီးခြင်းမှ ကောင်းကောင်းလှလှရရှိကြောင်း လမ်း ၃၀ နှင့် ၇၂ လမ်းထောင့်ရှိ မအိ လက်ဆောင်သစ်သီးအရောင်းဆိုင်မှ သိရသည်။

"ဒီနှစ်က တရုတ်က အသီးအဝင်နည်းသလို ထိုင်းအသီးတွေကို ရောင်းရတော့ ဈေးမြင့်တယ်။ ပန်းသီး၊ လိမ္မော်သီး၊ ပန်းသစ်တော်၊ စပျစ်သီးတွေနဲ့ အသီးခြင်းလှအောင်ထည့်ရင် ၅၀၀၀၀ တန်လောက်မှ လှတယ်။ အရင်နှစ်တွေကဆို ငွေကျပ် ၃၀၀၀၀ ဆိုရင် အသီးခြင်းလှလှရတယ်။ ကန်တော့ခြင်းဝယ်တာတွေ၊ မှာတာတွေတော့ ရှိပါတယ်။ အရင်လိုတော့ အရောင်းမသွက်တော့ပါဘူး"ဟု ၄င်းက ပြောသည်။

ယခုအချိန်တွင် ပြည်တွင်းသစ်သီးများအနေဖြင့် ဖရဲသီး၊ သြဇာသီး၊ နဂါးမောက်သီးများသာ ဈေးကွက်အတွင်း ရောင်းချလျက်ရှိပြီး ထိုင်းနိုင်ငံမှ ပန်းသီး၊ ပန်းသစ်တော်၊ စပျစ်သီး၊ ဆန်းကစ်လိမ္မော်သီးများကို မြဝတီလမ်းကြောင်းမှတစ်ဆင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။

သင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလ၊ တန်ဆောင်တိုင်ကာလ၊ နှစ်သစ်ကူးကာလတွေမှာ ကန်တော့လက်ဆောင်သစ်သီးခြင်းများ၊ အချိုရည်အမျိုးမျိုး၊ ကော်ဖီမုန့်များအပြင် ဆေးဝါးများကို ကန်တော့လက်ဆောင်ခြင်းများဖြင့် မိဘ၊ ဆရာသမားများကို ဝယ်ယူကန်တော့ကြလေ့ရှိကြောင်း သိရသည်။

ရွှေမန်း

ဝ-ဝ-ဝ-ဝ-ဝ

## ပျော်ဘွယ်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁၄**

ပျော်ဘွယ်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက စပါယ်ကုန်းအုပ်စု၊ ပဲ့ကန်ကွင်းနှင့် ရန်အောင်အုပ်စု၊ ပင်းစုကွင်းတို့တွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးညိမ်းဇော်က ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံဧကများ အစားထိုးစိုက်ပျိုးနိုင်ရေး၊ ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်စေရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ရေနစ်မြုပ်ခဲ့သည့် စပါးစိုက်ဧက ၁၅၀ အတွက် သွင်းအားစုများဖြစ်သည့် ယူရီးယားဓာတ်မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာများကို တောင်သူများထံ ထောက်ပံ့ပေးအပ်ပြီး စပါးစိုက်တောင်သူများက စိုက်ခင်းအတွင်း သွင်းအားစုများ ထည့်သွင်း၍ ပြန်လည်ကုစားခြင်းကို ကွင်းသရုပ်ပြခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်ပေးလျက်ရှိ

○ စာမျက်နှာ ၂၄ မှ

တိုင်းရင်းသား သွေးချင်းများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ် တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည်ပမာဏ ကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန် ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသားအဆင့် ပွဲတော်များစွာရှိကြောင်း၊ ထိုအထဲမှ ယခုကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပြတ် ဆင်နွှဲကျင်းပနိုင်ခြင်းသည်လည်း မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့်ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသား အားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုအခါ ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အမျိုးသား ယဉ်ကျေးမှုများ အရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် အရေးပါသည့် အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင် ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

၁၉၉၃ ခုနှစ်မှ စတင်ပြီး ယနေ့တိုင် ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲကြီးများ၏ကျေးဇူးကြောင့် ယင်းအချိန်က ဝါသနာရှင်မျိုးဆက်သစ် လူငယ်များသည် ယခုငွေရတုပြိုင်ပွဲကာလတွင် ပညာရှင်အဆင့် အနုပညာရှင်ကြီးများ အဖြစ် မြင်တွေ့ နေကြရပြီဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဝါသနာရှင်သွေးချင်း မောင်နှမများကို အနုပညာအမွေ လက်ဆင့်ကမ်း ပေးဝေနေကြပြီဖြစ်သဖြင့် အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာ ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေး စရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏ သုခုမ အနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင် ကွဲပြားခြားနားစေကာမူ "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါးအခြေခံတွင် တစုတစည်းတည်း တူညီစွာပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

အလားတူ တိုင်းရင်းသားအကများနှင့်ပတ်သက်ပြီး ကွဲပြားခြားနားသကဲ့သို့ ရှိသော်လည်း "စည်းနှင့်ဝါး"ကို အခြေခံသည့် "ခေါင်း၊ ခါး၊ ခြေ၊ လက်" အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာ ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားအားလုံးတို့၏ အကများသည် တူညီသည့် အခြေခံအတွင်း၌ပင် ဆင့်ပွား တည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့် အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာ တိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

※ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ပြည်နယ် အသီးသီး၏ ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာ တိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်

※ ထိုသို့ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာ အနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင် နိုင်ရေးအတွက်လည်း များစွာအထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း နှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂၀၂၄ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့

WORLD FOOD DAY 2024

**"ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး**

**လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး"**

**"Right to Foods for a Better Life and a Better Future"**

**အောက်တိုဘာလ (၁၆) ရက်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၄
လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

○ စာမျက်နှာ ၃ မှ

ထိုသို့ဖလှယ်ကြခြင်း အားဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကိုတစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံ သာမက တိုင်းရင်းသားရိုးရာ အနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေးအတွက်လည်း များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

**တင်ဆက်ပြသ**

ထို့အပြင် ယခုနှစ်ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသော ဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာ တေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်း သည်လည်း ပြည်ထောင်စုဖွား မြန်မာ တိုင်းရင်းသားအားလုံး၏ ရိုးရာ အနုပညာအမွေအနှစ် တန်ဖိုးများကို ဖော်ထုတ်ပြသ နိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြု တင်ဆက်ပြသခြင်း ပင်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် ထွန်းကား လာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် မြန်မာ နိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီး နောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ် ချိုးနှိမ်မှုများကို ခံခဲ့ရကြောင်း၊ သို့သော် မြန်မာအနုပညာရှင်များ အနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံ တွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ် အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်း လာခဲ့ကြသည့်အတွက် ယနေ့ အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည်မြန်မာ့ရိုးရာ သွင်ပြင်ဟန်ပန်အတိုင်း ရှေးမှု မပျက် ဆက်လက်ဖြစ်ထွန်းနေ သည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ရဟန်းစာဆိုများ အပါအဝင် လူပညာရှိ၊ ရဟန်းပညာရှိများ သည်မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များ ဖြစ်သည့် (၅၅၀) နိပါတ်တော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပုံပြင်လို တစ်မျိုး၊ ပျို့၊ ကဗျာလင်္ကာစာပေ လိုတစ်နည်း၊ စာဟောကွက်စိပ် ဇာတ်သဘင်လိုတစ်ဖုံ၊ နည်းလမ်း မျိုးစုံဖြင့်ဖန်တီးဖွဲ့ဆိုပြီး အရွယ် သုံးပါးစလုံးအတွက် လိုက်ဖက် သည့်နည်းလမ်း ရွေးချယ်ခံစား နိုင်စေရန် စီမံထားရစ်ခဲ့ကြ ကြောင်း။

ယခုနှစ်ပြိုင်ပွဲ၏ မဟာဇနက ဇာတ်တော်ကြီး ကပြတင်ဆက်မှု များတွင် "မဟာဇနက" ဇာတ် တော်ကြီးမှ ပေးလာသည့် သင်ခန်းစာဖြစ်သည့် ယောက်ျား ကောင်း၊ ယောက်ျားမြတ်တို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြင့်မားခိုင်ကျည်သည့် စိတ်ဓာတ်တို့ဖြင့် မှန်ကန်စွာ အားထုတ် ကြိုးပမ်းမည်ဆိုပါက မည်သို့ပင် အခက်အခဲ အဟန့် အတားများ ကြုံတွေ့ရပါစေ၊ ကျော်လွှားအောင်နိုင်ပြီး မိမိတို့ မျှော်မှန်းသည့် ရည်မှန်းချက် ပန်းတိုင်ကို ရောက်ရှိရစမြဲဖြစ် သည်ဆိုသည့် သင်ခန်းစာကို ပိုင်ပိုင်နိုင်နိုင် သရုပ်ဖော်သွားနိုင် ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

အလားတူ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ၌ ကပြယှဉ်ပြိုင်မည့် "ဝေဿန္တရာ" ဇာတ်တော်ကြီး တွင်လည်း ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီ ဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံ ပွားများရသည့် သီလကုသိုလ် အကျိုးနှင့် ဓမ္မနှင့် အဓမ္မအားပြိုင်မှု တို့ကို ပေါ်လွင်အောင်ညွှန်းဖွဲ့ တင်ဆက် နိုင်ကြလိမ့်မည်ဟု လည်း မျှော်လင့်ကြောင်း။

**တိုက်တွန်းပြောကြား**

အနုပညာရှင်များ အားလုံးကို မေတ္တာရပ်ခံ မှာကြားလိုသည်မှာ နှစ်ပေါင်းထောင်ချီ ခမ်းနား ထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက် လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန် ဖြစ်ထွန်းနေ စေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာ လူမျိုးတို့၏သမိုင်းကြောင်း နိုင်မာ နက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့် အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ နေအောင် အနုပညာစွမ်းပကား ဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ် လူငယ်များကို အမျိုးသားရေး စိတ်ဓာတ်ကိုယ်ခံ အားပြည့်ဝခိုင်မာအောင် အနုပညာ စွမ်းပကားဖြင့် စွမ်းဆောင်ပေးကြ ရန် တိုက်တွန်းပြောကြားလို ကြောင်း ပြောကြားသည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေး နှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင် ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ် ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြ သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသား တူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့ မှ တိုင်းရင်းသားဂီတပညာရှင်များ အား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိ ဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက် ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု အနုပညာအမွေအနှစ် များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက် ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ် များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုထွန်းကား ပြန့်ပွားနေစေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသား ယဉ်ကျေးမှုအခန်း ကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**○ ယခုနှစ် ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသော ဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာတေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာ တိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ် တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြု တင်ဆက်ပြသခြင်းပင်ဖြစ်**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဆီးနှင်းပြိုက်ကျ(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခွာပြာသင်း(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်"တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းစုံတဲ့တော သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ဂီတ လှပဝေဆာသီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင်မည်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။



ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက မင်္ဂလာသီရိမြေ မြတ်စွာ(ဘွဲ့)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တောမြိုင်ခြေလမ်း(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ယမုန်နာ (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

စောင်း အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုင်းရိပ်ကယ်တည့်"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၆ သို့ »»




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံတော်သံဃမဟာနယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့တွင် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ရန် ယနေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

သတင်းစဉ်

»»» စာမျက်နှာ ၅ မှ

**ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို** အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင် အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု အောင်နန်းစိုး ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲကို** နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာရောဇာတ်တော်ကြီးအဖွဲ့က မူရင်း ဇာတ်တော်ကြီး၏တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာရောဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ဦးရေ ၁၈၀ ဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၆) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

အုရုမ်ချီ အောက်တိုဘာ ၁၄

(၆)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ (The 6th World Media Summit – WMS) ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ ရှင်းကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုရုမ်ချီမြို့ Xinjiang International Convention & Exhibition Center ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။ ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံကို ၂၀၀၉ ခုနှစ်မှ စတင်ကာ Xinhua News Agency၊ Associated Press၊ Reuters၊ TASS၊ Kyodo News တို့က ဦးဆောင်၍ နိုင်ငံတကာမှ ထင်ပေါ်ကျော်ကြားသော မီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အဆင့်မြင့်ကမ္ဘာ့မီဒီယာ ပူးပေါင်းဆောင်ရွက်နိုင်ရန် စင်မြင့်တစ်ခုအနေဖြင့် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။



အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံမှ မီဒီယာအဖွဲ့များ၊ အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၅၀၀ ကျော်၊ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်တက်ရောက်ကြသည်။

ယခုနှစ် ညီလာခံ ဆောင်ပုဒ်ကို " AI နည်းပညာနှင့် ပြောင်းလဲလာသည့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု " (Artificial Intelligence and Media Transformation) ခေါင်းစဉ်ဖြင့် သတ်မှတ်ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုးတက်ပြောင်းလဲမှုဖြစ်စဉ်-ဉာဏ်ရည်တုအသုံးပြု၍ သတင်းထုတ်ပြန်ခြင်း (Development and Change : the Use of AI in Media Development)၊ နည်းဥပဒေနှင့် တာဝန်များ-ဉာဏ်ရည်တုခေတ်တွင် ထားရှိရမည့် သတင်းသမားကျင့်ဝတ် ( Rules and Responsibilities : Journalistic Ethics in the AI Age)၊ အဖြစ်မှန်နှင့် အမှန်တရား-ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာ၏ ဘုံတာဝန် (Fact and Truth : the Common Mission of Media in the Digital Age) ဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှု - ပိုးလမ်းမကြီးတစ်လျှောက် ပြည်သူမှ ပြည်သူသို့ သတင်းဖလှယ်ရေး - Cooperation and Consensus : People – to – People Exchangs along the Belt & Road၊ နှစ်ဦးနှစ်ဖက်အကျိုးများစေမည့် အခွင့်အလမ်းများ၊ နိုင်ငံအချင်းချင်း အစိုးရအချင်းချင်း ပွင့်လင်းမြင်သာမှု အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး Opportunities and Win – Win : High Level Opening – up and High – Quality Development in Xianjiang တို့ကို ဆွေးနွေးခဲ့ကြသည်။

၎င်းထိပ်သီးအစည်းအဝေးသည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာများကြား အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပြီး ၎င်းတို့အတွက် AI ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အောင်မြင်မှုများကို နိုင်ငံများအကြား မျှဝေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ လူသားမျိုးနွယ်အတွက် အနာဂတ်ကိုမျှဝေပေးခြင်းနှင့်အတူ အသိုက်အဝန်းတစ်ခုတည်ဆောက်ရေးကို တိုးတက်လာစေရန်နှင့် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာတစ်ခုဖြစ်စေရန်အတွက် အထောက်အကူဖြစ်စေရန်အတွက် မီဒီယာများ၏ စုပေါင်းအင်အားကို အသုံးပြုရမည်ဖြစ်ကြောင်း၊ World Media Summit သည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာကဏ္ဍတွင် အဆင့်မြင့်ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော platform တစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးလ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် တောင်ပိုင်း ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်းတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်းတွင် တက်ရောက်ဆေးကုသမှုခံယူနေသော တာဝန်ထမ်းဆောင်နေစဉ် သေနတ်ဒဏ်ရာရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ဒုရဲအုပ်ဖူးပွင့်ဇော်အား သွားရောက်ကြည့်ရှုအားပေးစကားများ ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်ရင်းမှူးနှင့် ဆေးမှူးများက ပြည်ကြီးတံခွန်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်စစ်လုပ်ငန်းများဖြင့် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်၊ ဆေးဝါးကုသမှုခံယူနေမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးစရိတ်ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စွက်စာများကိုပေး၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ကျင်းပ




**မန္တလေး အောက်တိုဘာ ၁၄**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် စာရေးကိရိယာထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ အရာရှိ၊ စစ်သည်မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများမှ အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည် မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် အခြေခံပညာအဆင့်(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းသား၊ ကျောင်းသူ(၄၉၇)ဦးတို့ကို စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(၀၃၈)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



**မိတ္ထီလာ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၄ ရက် နံနက်က လိန်တောကျေးရွာတွင် ကျင်းပခဲ့ကြောင်း ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)မှ သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုစေရန် မိသားစုတစ်ပိုင်တစ်နိုင်စီးပွားဖြစ် လုပ်ကိုင်နိုင်ရန်၊ တစ်ဦးချင်းဝင်ငွေတိုးပွားစေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းငယ်များ လုပ်ကိုင်လာနိုင်ပြီး မိသားစုဝင်ငွေတိုးပွားရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းကို လိန်တောကျေးရွာတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ အဝတ်လျှော်ဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာ၊ မျက်နှာသစ်ဆပ်ပြာ၊ တရော်ကင်ပွန်းခေါင်းလျှော်ရည်၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ ဆပ်ပြာခရမ်နှင့် Hand Gel စသည့် ဘာသာရပ်များကို အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းနည်းပြဆရာမ ဒေါ်သွယ်သွယ်ထွန်း၊ ဒေါ်စုဝေဖြိုးနှင့် တာဝန်ရှိသူတို့ က သင်တန်းဆင်းလက်မှတ် များနှင့် လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၆၉)**

# မန္တလေးမြို့တွင် သီတင်းကျွတ် မီးထွန်းပွဲတော်ကို ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ခြင်းနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆီမီးတစ်သောင်းပူဇော်ပွဲနှင့်အတူ ၂၆ လမ်းပေါ်၊ ၆၆ လမ်းမှ ၇၃ လမ်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ စတုဒိသာမဏ္ဍပ်များနှင့် နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၁၇)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်အကြိုရက်ဖြစ်သည့် အောက်တိုဘာ ၁၆ ရက်က စတင်၍ ပွဲတော်ကျင်းပမည့် လမ်းတစ်လျှောက်တွင် အလှဆင်မီးများ ထွန်းညှိထားမည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"၂၆ လမ်းပေါ် ၆၆ လမ်းထိပ်နဲ့ ၇၃ လမ်းမှာ မုခ်ဦး ၂ ခု ရှိပါမယ်။ ၂၆ လမ်းတစ်လျှောက်မှာ အလှဆင်မီးများ ထွန်းညှိရန် ပြင်ဆင်နေပါတယ်။ ဖွင့်ပွဲ အခမ်းအနားကို ညနေ ၆ နာရီမှ စတင်ပြီးရင် မီးရှူးမီးပန်းတွေနဲ့လှပစွာ ဖွင့်သွားမှာပါ။ ၂၆ လမ်းနဲ့ ၆၆ လမ်းထောင့်မှာ ပုဂံရွှေစည်းခုံပုံတူစေတီတော်မှာ ဆီမီးတစ်သောင်း ပူဇော်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။ ဖျော်ဖြေရေးအစီအစဉ်ကို မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ ဖျော်ဖြေရေးမဏ္ဍပ်တွင် ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များနှင့် မြို့တော်စည်ပင်တေးဂီတအဖွဲ့တို့ ပူးပေါင်းဖျော်ဖြေမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်အစီအစဉ်အဖြစ် ဈေးဆိုင်များလည်း ထည့်သွင်းထားပြီး စတုဒိသာမဏ္ဍပ်စုစုပေါင်း ၁၂ ခု မှ ပွဲတော်လာရောက်သူများအား ညနေ ၆ နာရီမှ ည ၁၀ နာရီအတွင်း ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

၀-၀-၀

# ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ နီးကပ်လာ၊ ဟဲရစ်နှင့် ထရမ့်၏ လူထုအမြင်မဲရလဒ်နှစ်ခု အားပြိုင်နေ





**ဝါရှင်တန် အောက်တိုဘာ ၁၄**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည် ဖြစ်သဖြင့် ယခင်ကထက်ပို၍ နီးကပ်လာပြီဖြစ်ရာ အဓိကပြိုင်ဘက်သမ္မတလောင်းနှစ်ဦးဖြစ်သည့် ကာမာလာဟဲရစ်နှင့် ဒေါ်နယ်လ်ထရမ့်တို့ကို အားပေးထောက်ခံနေကြသူများ ပိုမိုစိတ်လှုပ်ရှားလာနေကြသည်။

တစ်လမျှပင်မလိုတော့သည့် အဆိုပါသမ္မတရွေးကောက်ပွဲမတိုင်မီ အောက်တိုဘာ ၁၃ ရက်က နောက်ဆုံးအနှစ်ချုပ်လိုက်သည့် ၄င်းတို့နှစ်ဦးအပေါ် အားပေးထောက်ခံသည့် လူထုအမြင် မဲရလဒ်နှစ်ခု မတိမ်းမယိမ်းနှင့် အားပြိုင်နေဆဲဖြစ်ကြောင်း အင်န်ဘီစီသတင်းဌာနက ဖော်ပြသည်။

ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်နှင့် မူလ ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့နှစ်ဦး စကားစစ်ထိုးပြီးနောက်မှစတင်၍ နှစ်ဖက်အားပြိုင်နေသောအခြေအနေသည် ကာမာလာဟဲရစ် သမ္မတလောင်း ဖြစ်လာပြီးနောက် တစ်ဆစ်ချိုး ပြောင်းလဲသွားလိမ့်မည်ဟု ဒီမိုကရက်တစ်ပါတီဘက်က ယုံကြည်မျှော်လင့်ခဲ့သည်။

ဒီမိုကရက်တစ်သမ္မတလောင်းများသာမက အမေရိကန်အဆိုတော်၊ ရုပ်ရှင်မင်းသား၊ မင်းသမီးများ၏ကျော်ကြားမှုဖြင့် ကာမာလာဟဲရစ်ဘက်တွင် ထောက်ခံမဲမြင့်တက်လာစေရန် အားထုတ်ခဲ့ကြသော်လည်း နောက်ဆုံးတွင် နှစ်ဖက်အားပြိုင်နေသောရလဒ်သာပေါ်ထွက်ခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



နယ်စပ်ဖြတ်ကျော်မီးရထားလမ်း သွယ်တန်းဖောက်လုပ်ရေးအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများအတွက် သဘောတူစာချုပ် ၁၀ ခု လက်မှတ်မရေးထိုးမီ တရုတ်ဝန်ကြီးချုပ် လီချိုင်းနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်တို့နှစ်ဦး ညှိပရိသတ်ကို အောက်တိုဘာ ၁၃ ရက်က လက်ပြနှုတ်ဆက်နေကြစဉ်။ **Mon**

# နည်းပညာအဆင့်မြင့် ဒုံးလက်နက်ကာကွယ်ရေးစနစ် အမေရိကန်က အစ္စရေးသို့ အလျင်အမြန်ပေးပို့လိုက်ပြီ



**ဝါရှင်တန် အောက်တိုဘာ ၁၄**

တီအိတ်ချ်အေအေဒီဟု အတိုကောက်ခေါ်ဝေါ်သော နည်းပညာအဆင့်မြင့် ဒုံးလက်နက်ကာကွယ်ရေးစနစ်ကို အမေရိကန် ပြည်ထောင်စုက အစ္စရေးနိုင်ငံသို့ အောက်တိုဘာ ၁၃ ရက်က အလျင်အမြန်ပေးပို့လိုက်ပြီဖြစ်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က အတည်ပြုကြေညာကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အစ္စရေးနိုင်ငံတွင် အရေးပေါ်လိုအပ်သော လေကြောင်းရန်ကာကွယ်ရေးစနစ်ကို မြှင့်တင်ပေးနိုင်ရန်အတွက် မိမိတို့ဘက်က အဆောတလျင်စီစဉ်ပေးခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်ဒ်အော်စတင်က ရှင်းလင်းပြောကြားသည်။

အစ္စရေးအနေဖြင့် တစ်ဖက်က ပစ်ခတ်တိုက်ခိုက်လာမည့် မည်သည့်ဒုံးလက်နက်ကိုမဆို ဟန့်တားဖြိုခွင်းတိုက်ခိုက်နိုင်စွမ်းရှိစေရန် အမေရိကန်ဘက်က ထောက်ပံ့ကူညီခြင်း ဖြစ်သည်။

ထိုစနစ်နှင့်အတူ ကျွမ်းကျင်ဝန်ထမ်းများအဖွဲ့ကိုပါ အစ္စရေးနိုင်ငံသို့ အတူတကွစေလွှတ်ခဲ့ကြောင်း ၄င်းက ဆက်လက်ရှင်းပြသည်။

အမေရိကန်အစိုးရသည် အစ္စရေးနိုင်ငံကို နှစ်စဉ် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသော စစ်ရေးအထောက်အပံ့ပေးခဲ့ရာမှ သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် တိုးမြှင့်ထောက်ပံ့ပေးနေကြောင်း သိရသည်။ **Mon**

# အိုက်စလန်ညွန့်ပေါင်းအစိုးရ ပြိုကွဲသွားသဖြင့် ရွေးကောက်ပွဲကျင်းပပေးရန် ဝန်ကြီးချုပ် တောင်းဆို



**ရေကျာဗစ် အောက်တိုဘာ ၁၄**

အိုက်စလန်နိုင်ငံတွင် အာဏာရညွန့်ပေါင်းအစိုးရ ပြိုကွဲသွားသဖြင့် ရွေးကောက်ပွဲကျင်းပပေးရန် ဝန်ကြီးချုပ် ဘဂျာနီဘယ်နီဒစ်ဆန်က အောက်တိုဘာ ၁၃ ရက်တွင် တောင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ညွန့်ပေါင်းအစိုးရအနေဖြင့် နိုင်ငံခြားရေးစွမ်းအင်နှင့် နိုင်ငံရေးခိုလှုံသူများအရေးတို့အပေါ် ဝိဝါဒကွဲပြားကြရာမှ ပြိုကွဲသွားခြင်းဖြစ်ကြောင်း ၄င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သမ္မတနှင့်မိမိတွေ့ဆုံကာ ပါလီမန်ကိုဖျက်သိမ်းပြီးနောက် လာမည့်နိုဝင်ဘာလထဲတွင် ရွေးကောက်ပွဲကျင်းပစေလိုသည်ဟု ၄င်းက ရှင်းပြကြောင်း သိရသည်။ **Mon**



# ဂျပန်အခြေစိုက် ကောမတ်ဆုကော်ပိုရေးရှင်း လျှပ်စစ်စွမ်းအင်သုံး မြေကော်စက်ထုတ်လုပ်

**တိုကျို အောက်တိုဘာ ၁၄**

ဆောက်လုပ်ရေးနှင့် သတ္တုတွင်းလုပ်ငန်းသုံးစက်ကြီးများ အစဉ်တစိုက်ထုတ်လုပ်ဖြန့်ဖြူးခဲ့သော ဂျပန်အခြေစိုက် ကောမတ်ဆုကော်ပိုရေးရှင်းက လျှပ်စစ်စွမ်းအင်သုံး မြေကော်စက်များ ဆန်းသစ်ထုတ်လုပ်ပြီး မကြာသေးမီက ဖြန့်ဖြူးရောင်းချခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနောက်ဆုံးထုတ်လုပ်ခဲ့သည့် ၄၀၉ တန်လေးသော လျှပ်စစ်မြေကော်စက်သည် ယခင်မြေကော်စက်များနှင့်မခြား စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ကောမတ်ဆုကော်ပိုရေးရှင်း ပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

ယခင် ကောမတ်ဆုမြေကော်စက်များကိုမောင်းနှင်ရန် ဒီဇယ်ဆီကိုအသုံးပြုခဲ့ရာ ပတ်ဝန်းကျင်လေထုညစ်ညမ်းစေခဲ့သော်လည်း ယခုလျှပ်စစ်မြေကော်စက်များမှာမူ မီးခိုးထုတ်လွှတ်မှုကို ၉၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဟု ဆိုသည်။

ဟိုက်ဒရောလစ်မောင်းတံများကို ထိန်းချုပ်စေခိုင်းရာတွင် လျှပ်စစ်စွမ်းအင်သုံး မြေကော်စက်သည် ပိုမိုချောမွေ့မြန်ဆန်ကာ ဒီဇယ်ဆီဖိုးကုန်ကျစရိတ်ကိုလည်း သက်သာစေမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# စင်ကာပူနိုင်ငံ၏ ယခုနှစ်စီးပွားရေးအခြေအနေ တတိယသုံးလပတ်၌ ၄ ရာခိုင်နှုန်းကျော် မြင့်တက်



**စင်ကာပူ အောက်တိုဘာ ၁၄**

စင်ကာပူနိုင်ငံ၏ ယခုနှစ် စီးပွားရေးအခြေအနေကောင်းမွန်ကာ တတိယသုံးလပတ်၌ ယမန်နှစ်ကထက် ၄ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ပထမနှင့် ဒုတိယသုံးလပတ်များအတွင်းက ကျုံ့ဝင်နေခဲ့သော ကုန်ထုတ်လုပ်မှု တိုးတက်လာခဲ့ရာမှ ပိုမိုကောင်းမွန်သော အဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

တတိယသုံးလပတ်အတွင်း စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှု ပမာဏမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

ဂျီဒီပီပမာဏလည်း မြင့်တက်လာမည်ဟု ခန့်မှန်းသော်လည်း ကိန်းဂဏန်းအချက်အလက် အပြည့်အစုံမရသေးသဖြင့် စောင့်ဆိုင်းရဦးမည်ဟု ထိုပြောခွင့်ရသူက ဆိုသည်။

ငွေကြေးဖောင်းပွမှု၊ အလုပ်အကိုင်ဖွံ့ဖြိုးမှုနှင့် ကုန်ထုတ်စွမ်းအားအခြေအနေတို့ကိုပါ ထည့်သွင်းတွက်ချက်ပြီးနောက် နိုဝင်ဘာလရောက်မှ ဂျီဒီပီပမာဏကို အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

# အစ္စရေးတပ်ဖွဲ့များ လက်ဘနွန်ဘက်သို့ဝင်လာသည်ဟု ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များက အတည်ပြု




**ဘေရွတ် အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၃ ရက် နံနက်စောစောပိုင်းက အစ္စရေးတပ်ဖွဲ့များ လက်ဘနွန်ဘက်သို့ ဝင်လာသည်ဟု ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးသံချပ်ကာကားများသည် လက်ဘနွန်တောင်ပိုင်းရှိ ရမ်ယာနယ်စပ်ဂိတ်တံခါးကို အင်အားသုံးဖြိုဖျက်ကာ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ယူနီဖီးလ်ဟု အတိုကောက်ခေါ်သည့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ထိုငြိမ်းချမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို ထပ်မံတိုက်ခိုက်ခြင်းမပြုရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အစ္စရေးကို ထပ်လောင်းသတိပေးခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများရှင်းလင်း

**မန္တလေး အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလဆန်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုနှင့်ရေလွှမ်းမိုးမှုဖြစ်စဉ်များဖြစ်ပွားခဲ့သည့် မြစ်သားမြို့နယ် မြို့မအနောက်ရပ်ကွက် စစ်ကဲဘုန်းကြီးကျောင်းပတ်ဝန်းကျင်အတွင်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့်ရေများ၊ ရွှံ့နွံများအားရှင်းလင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ မီးသတ်စက်များအသုံးပြု၍ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းကျေးရွာ၊ ဥယျာဉ်ဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၁၃ရက်က ရေများဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သော ရွှံ့နွံများ၊ နုန်းများအား ရမည်းသင်းမြို့နယ်မီးသတ်စခန်းမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၄၅)



## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ၊ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင်လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**မန္တလေး အောက်တိုဘာ ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်နှင့် ပခုက္ကူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၃၆ တန်၊ အခြားသစ် ၃ ဒသမ ၀၄၀တန်၊ ရှားစေးအိတ် ၂၀နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Nissan Diesel Truck တစ်စီး သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အောက်တိုဘာ ၁၁ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပိုင်းမော်မြို့နယ် ဗလမင်းထင် တံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ယာဉ်ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck ရှစ်စီးနှင့် Cheng Long Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုင်းတုံတိုးဂိတ်အနီး ပင်ဆိုင်းဝရွာထိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းအမျိုး ၂၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Light Truck တစ်စီးကိုလည်းကောင်း၊ ပြင်ဦးလွင်-မန္တလေးလမ်း (၂၁)မိုင်၌ ရပ်တန့်ထားသော ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ka Bar Kyaw Micro Bus တစ်စီး၊ Toyota Hilux Surf တစ်စီး၊ Foton View Mini Bus တစ်စီး၊ Shwe Kyar Micro Bus တစ်စီးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း (၃၈၆)မိုင်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် သိန်းဌေးအောင်ဆိုသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ နှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သိန်းဌေးအောင်(၄၆)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဘားအံမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က သက်သေများနှင့်အတူ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ လုပ်သားလမ်းနေ ထိန်လင်းဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄,၈၀၀ နှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထိန်လင်း(၄၁)နှစ်ဆိုသူအား ဘားအံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းပြီး ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီက ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ ပူးပေါင်းအဖွဲ့က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ပွင့်ဖြူမြို့(အ·ထ·က)ကျောင်းဝန်းအတွင်း၊ အပြင်ရှိ ပေါင်းမြက်များနှင့် ခြုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်း၊ တံမြက်စည်းလှဲခြင်းလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ သန့်ရှင်းသာယာလှပစေရေး၊ စွန့်ပစ်အမှိုက်များကင်းစင်ရေးနှင့် ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်များ ရရှိစေရေးအတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းအဖွဲ့က အပတ်စဉ်(စနေနေ့)တိုင်း အရှိန်အဟုန်မပျက် ကွင်းဆင်းပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၄၅)**

## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းပဲ့ကိုင်ရှင် ဆရာတော်၏ မယ်တော်ကြီးမွေးနေ့ အလှူတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်း၏ ဦးစီးပဓာန နာယက မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ ပဲ့ကိုင်ရှင် ဘဒ္ဒန္တသောဘိတ(ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ)၏ မယ်တော်ကြီး ဒေါ်တင်အေး၏ (၈၃)နှစ်ပြည့် မွေးနေ့အလှူတော် မင်္ဂလာအခမ်းအနားကို သီတင်းကျွတ်လပြည့်ကျော် ၂ ရက် စနေနေ့ နံနက်ပိုင်းတွင် အဆိုပါကုသိုလ်ဖြစ် ဆေးခန်း၌ ကျင်းပမည်ဖြစ်သည်။

မွေးနေ့အလှူတော်မင်္ဂလာတွင် ဆရာတော်၊ သံဃာတော်တို့အား ပင့်ဖိတ်၍ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ဆေးခန်းသို့ လာရောက်ပြသကြသော ဆရာတော်များ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ညီ့ပရိသတ်အား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ရာ မွေးနေ့ရှင်နှင့်အတူ ပရိတ်တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**(၀၅၃)**

## ပြည်ပသို့ ပြောင်းတင်ပို့မှု သတ်မှတ်လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ပထမ ၆ လပတ်အတွင်း ပြည်ပပြောင်းတင်ပို့မှုသည် သတ်မှတ်လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၃/၂၀၂၄)ကြိမ်မြောက်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပို့ကုန်အမယ်တစ်ခုချင်း အလိုက်တင်ပို့ရန် သတ်မှတ်လျာထားချက်များရှိပြီး ပြောင်းတင်ပို့မှုတွင် ပထမ ၆ လပတ်အတွင်း တင်ပို့မှုသည် သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ တတိယအများဆုံးရရှိသည့် လယ်ယာထွက်သီးနှံ ဖြစ်သည်။

အခြားပို့ကုန်အမယ်တစ်ခုချင်းအလိုက် သတ်မှတ်လျာထားချက်များကို ပြည့်မီအောင်တင်ပို့နိုင်ရန် လိုအပ်နေသေးကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

လက်ရှိ ပြည်ပသို့တင်ပို့နေသော မြန်မာ့လယ်ယာထွက်ကုန်သီးနှံများအနက် ပဲမျိုးစုံတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိနေပြီး ဆန်တင်ပို့မှုမှ ဒုတိယအများဆုံးရရှိကာ ပြောင်းတင်ပို့မှုမှ တတိယအများဆုံး ရရှိနေခြင်းဖြစ်ကြောင်း တစ်နှစ်လျှင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပြောင်းသီးနှံ၏ သုံးပုံနှစ်ပုံခန့်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ပြီး ကျန်သုံးပုံတစ်ပုံခန့်ကို ပြည်တွင်း၌ သုံးစွဲလျက်ရှိသည်။

လက်ရှိပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းထုတ်လုပ်မှုပမာဏ မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့်ရှိသည့်အနက် တန်ချိန် ၂ ဒသမ ၂ သန်းခန့်ကို ပြည်ပသို့တင်ပို့ပြီး ကျန်တန်ချိန် တစ်သန်းခန့်ကို ပြည်တွင်း၌ သုံးစွဲကြောင်း သိရသည်။

**ရွှေမန်း**

## မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီး နွားကျောင်းနေသည့် ကလေး ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးရှိ ဒေသခံပြည်သူ ၂၀ တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးသွားခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီးတွင် နွားကျောင်းနေသည့် အသက် ၁၅ နှစ်အရွယ် ကလေး ၁၀ ဦးကို အောက်တိုဘာ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းများရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးခြင်းများမရှိကြောင်း သိရှိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးတွင် အောက်တိုဘာ ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရကြောင်းနှင့် အဆိုပါ တိုက်ခိုက်ခံရမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ ဒေသခံပြည်သူ ၂၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်နေ့တွင် ဝိုင်းကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဒေသခံပြည်သူများကိုလည်း ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅- က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Yu Yu (ပန်ပန်မေမေ)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၂) (က)ရပ်ကွက်နေ ယုယုဝင်း ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ



## ဂျေမီးဂစ်တန်အား ခေါ်ယူရန် လီဗာပူးအသင်း စိတ်ဝင်စား



**လီဗာပူး အောက်တိုဘာ ၁၄**

လီဗာပူးအသင်းသည်ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျေမီးဂစ်တန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၇ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(ဝဲပုံ)**

ဒေါ့မွန်အသင်းကလည်း ဂျေမီးဂစ်တန်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ ဂျေမီးဂစ်တန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## ဂရိအသင်းက အိုင်ယာလန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၄**

ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု Bပွဲစဉ်အဖြစ် ယနေ့ ဂရိအသင်းနှင့် အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂရိအသင်းက အိုင်ယာလန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂရိအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန်၄၈မိနစ်တွင် ဘာကတ်စီတက်၊ ပွဲချိန် (၉၀+၁) မိနစ်တွင် မန်တာလော့တို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဂရိအသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု Bပွဲစဉ် ၄ပွဲ ကစားအပြီးတွင် ရမှတ်၁၂မှတ်ဖြင့် အုပ်စုအမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။ **(NGB)**

## ယာမယ် ကြွက်သားဒဏ်ရာကြောင့် ဆားဘီးယားအသင်းနှင့် ကစားမည့်ပွဲစဉ် လွဲချော်မည်



**လန်ဒန် အောက်တိုဘာ ၁၄**

စပိန်လက်ရွေးစင်အသင်း တောင်ပံကစားသမား ယာမယ် ကြွက်သားဒဏ်ရာကြောင့် ဆားဘီးယားအသင်းနှင့် ကစားမည့်ပွဲစဉ်အား လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု (A)ပွဲစဉ်အဖြစ် စပိန်အသင်းက ဒိန်းမတ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တောင်ပံကစားသမား ယာမယ်သည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၄ခုနှစ်အတွင်း ပြိုင်ပွဲ ၁၇ပွဲ ကစားကာ ၃ဂိုး သွင်းယူထားသည်။

စပိန်လက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု (A) ပွဲစဉ်အဖြစ်လာမည့် အောက်တိုဘာ ၁၆ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(NGB)**

## နည်းပြ ရော်ဘင်ဆန် ဆဲလ်ဖို့ဒ်စီးတီးအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၁၄**

ဆဲလ်ဖို့ဒ်စီးတီးအသင်းသည် လက်ရှိအချိန် အသင်းရလဒ်များ ဆိုးရွားနေခြင်းကြောင့် အသင်းနည်းပြ ရော်ဘင်ဆန်အား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဆဲလ်ဖို့ဒ်စီးတီးအသင်းသည် လိဂ် (၂)ပွဲစဉ် ၁၀ပွဲကစားအပြီးတွင် ရမှတ် ၁၂မှတ်ဖြင့် အဆင့် ၁၆နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ရော်ဘင်ဆန်အား ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ရော်ဘင်ဆန်သည် ဆဲလ်ဖို့ဒ်စီးတီးအသင်းအား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၃ပွဲတွင် ၁၀ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၃ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ရော်ဘင်ဆန်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဆဲလ်ဖို့ဒ်စီးတီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**ရှန်ဟိုင်း အောက်တိုဘာ ၁၄**

တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီ တင်းနစ်ကစားသမား Jannik Sinner သည် 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမားNovak Djokovic အား ၇-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ် ရှိ Jannik Sinnerက 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ" ဟုပြောသည်။ **(ဝဲပုံ)** **(NGB)**



### နိုင်ငံတကာဘောလုံး ခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၅-၁၀-၂၀၂၄ အင်္ဂါနေ့ | ညနေ၆း၃၀နာရီ | ဟောင်ကောင် - ကမ္ဘောဒီးယား |
| ၁၆-၁၀-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက်၀၆း၀၀နာရီ | ကနေဒါ - ပနားမား |
| ။ | နံနက်၀၉း၀၀နာရီ | မက္ကဆီကို - အမေရိကန် |

### အရှေ့တောင်အာရှ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(ခြေစစ်ပွဲ)(ဒု-ကျော့)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|
| ၁၅-၁၀-၂၀၂၄ အင်္ဂါနေ့ | ည၇း၀၀နာရီ | တီမော - ဘရူနိုင်း | ဘရူနိုင်း ၀-၁ တီမော |

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်- ၄ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပထမအကျော့ ရလဒ် |
|---|---|---|---|---|---|
| ၁၆-၁၀-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၁၅နာရီ | A | ၁ | ပိုလန် - ခရိုအေးရှား | ခရိုအေးရှား ၁-၀ ပိုလန် |
| ။ | ။ | A | ၁ | စကော့တလန် - ပေါ်တူဂီ | ပေါ်တူဂီ ၂-၁ စကော့တလန် |
| ။ | ။ | A | ၄ | စပိန် - ဆားဘီးယား | ဆားဘီးယား ၀-၀ စပိန် |
| ။ | ။ | A | ၄ | ဆွစ်ဇာလန် - ဒိန်းမတ် | ဒိန်းမတ် ၂-၀ ဆွစ်ဇာလန် |
| ။ | ။ | C | ၂ | ကိုဆိုဗို - ဆိုက်ပရပ်စ် | ဆိုက်ပရပ်စ် ၀-၄ ကိုဆိုဗို |
| ။ | ။ | C | ၂ | လစ်သူယေးနီးယား - ရိုမေးနီးယား | ရိုမေးနီးယား ၃-၁ လစ်သူယေးနီးယား |
| ။ | ။ | C | ၃ | ဘီလာရုစ် - လူဇင်ဘတ် | လူဇင်ဘတ် ၀-၁ ဘီလာရုစ် |
| ။ | ။ | C | ၃ | မြောက်အိုင်ယာလန် - ဘူလ်ဂေးရီးယား | ဘူလ်ဂေးရီးယား ၁-၀ မြောက်အိုင်ယာလန် |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(အာရှဇုန်-ခြေစစ်ပွဲ-တတိယအဆင့်)(ပွဲစဉ်-၄) ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၅-၁၀-၂၀၂၄ အင်္ဂါနေ့ | ညနေ ၅း၀၅နာရီ | C | ဂျပန် - ဩစတြေးလျ | ဩစတြေးလျ ၀-၂ ဂျပန် |
| ။ | ညနေ ၅း၃၀နာရီ | B | တောင်ကိုရီးယား - အီရတ် | အီရတ် ၀-၁ တောင်ကိုရီးယား |
| ။ | ညနေ ၆း၃၀နာရီ | C | တရုတ် - အင်ဒိုနီးရှား | တရုတ် ၁-၀ အင်ဒိုနီးရှား |
| ။ | ည ၈း၃၀နာရီ | A | ကာဂျစ္စတန် -မြောက်ကိုရီးယား | ကာဂျစ္စတန် ၀-၄မြောက်ကိုရီးယား |
| ။ | ။ | A | ဥဇဘက်ကစ္စတန် - ယူအေးအီး | ယူအေးအီး ၁-၂ ဥဇဘက်ကစ္စတန် |
| ။ | ည ၁၀း၃၀နာရီ | A | အီရန် - ကာတာ | အီရန် ၂-၃ ကာတာ |
| ။ | ။ | B | ပါလက်စတိုင်း - ကူဝိတ် | ကူဝိတ် ၀-၁ ပါလက်စတိုင်း |
| ။ | ။ | B | ဂျော်ဒန် - အိုမန် | ဂျော်ဒန် ၁-၀ အိုမန် |
| ၁၆-၁၀-၂၀၂၄ ဗုဒ္ဓဟူး | နံနက် ၀၀း၃၀နာရီ | C | ဆော်ဒီအာရေဗျ - ဘာရိန်း | ဘာရိန်း ၁-၀ ဆော်ဒီအာရေဗျ |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)(ပွဲစဉ်-၁၀)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံး ၅ ပွဲရလဒ်) | ပထမအကျော့ ရလဒ် |
|---|---|---|---|
| ၁၆-၁၀-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက်၀၃း၀၀နာရီ | (၂)ကိုလံဘီယာ - ချီလီ(၁၀) (W,W,D,W,L) (D,L,L,L,L) | ချီလီ ၀-၀ ကိုလံဘီယာ |
| ။ | နံနက် ၀၅း၃၀နာရီ | (၈)ပါရာဂွေး - ဗင်နီဇွဲလား(၇) (D,L,D,W,D) (D,D,L,D,D) | ဗင်နီဇွဲလား ၁-၀ ပါရာဂွေး |
| ။ | နံနက် ၆း၀၀နာရီ | (၃)ဥရုဂွေး - အီကွေဒေါ(၅) (W,W,D,D,L) (D,W,L,W,D) | အီကွေဒေါ ၂-၁ ဥရုဂွေး |
| ။ | နံနက်၀၆း၃၀နာရီ | (၁)အာဂျင်တီးနား - ဘိုလီးဗီးယား(၆) (L,L,W,L,W) (W,L,W,W,W) | ဘိုလီးဗီးယား ၀-၁ အာဂျင်တီးနား |
| ။ | နံနက်၀၇း၁၅နာရီ | (၄)ဘရာဇီး - ပီရူး (၉) (L,L,W,L,W) (L,D,D,L,W) | ပီရူး ၀-၁ ဘရာဇီး |

# အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်(၃)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၂၀၀ တန်နှင့် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၅၂ ဒသမ ၇၁ တန်အား မန္တလေးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့နိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

မန္တလေး အောက်တိုဘာ ၁၄

အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်အရန်ရိက္ခာ(APTERR)အစီအစဉ်(၃)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၂၀၀ တန်နှင့် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၅၂ ဒသမ ၇၁ တန်အား မန္တလေးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် APTERR အစီအစဉ်တွင် ပါဝင်ခွင့်ရရှိအောင်ဆောင်ရွက်ပေးခဲ့ကြသူများ၊ အလှူရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယနေ့ထောက်ပံ့ပေးသည့် ဆန်တန်ချိန် ၂၅၂ ဒသမ ၇၁ တန်ကို တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ခံစားခဲ့ရသော ပြည်သူများထံသို့ လက်ဝယ်အရောက်ထိရောက်စွာ ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်အရန်ရိက္ခာ(ASEAN Plus Three Emergency Rice Reserve-APTERR) ထောက်ပံ့ပေးမှုနှင့် စပ်လျဉ်း၍ ယခုကဲ့သို့ အမှန်တကယ် ဆန်ရိက္ခာလိုအပ်နေသော ပြည်သူများထံသို့ အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ဖြန့်ဝေနိုင်အောင် ဖြည့်ဆည်းပေးသည့် အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်အရန်ရိက္ခာ(APTERR)အစီအစဉ်သည် ဘေးဒုက္ခသင့်ပြည်သူများအပေါ် တိုက်ရိုက်အကျိုးပြုသည့် အစီအစဉ်လည်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ်(၃)အရ တရုတ်ဆန် ၂၀၀ တန်နှင့် ကိုရီးယားဆန် ၅၂ ဒသမ ၇၁တန် စုစုပေါင်းဆန် ၂၅၂ ဒသမ ၇၁တန်အား လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ခင်းကျင်းပြသထားသည့် ဆန်အိတ်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**











## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့် တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၁၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများနည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါ သိပ္ပံကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင် နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း၊ အားကစားအထူးပြု ဘာသာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

(ဝ၄၅)

# မဟာအောင်မြေမြို့နယ် ဂေါဝိန်သင်္ဘောဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် (ဗန်းမော်-မန္တလေး) ပို့ဆောင်ပြေးဆွဲနေသော ကုန်တင်သင်္ဘော မီးလောင်မှုဖြစ်ပွား





**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မဟာအောင်မြေမြို့နယ် ဂေါဝိန်သင်္ဘောဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ရာဇသိင်္ခ (ဗန်းမော်-မန္တလေး)ပို့ဆောင်ပြေးဆွဲနေသော ကုန်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများက မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ယနေ့ မွန်းလွဲပိုင်း ၁ နာရီကျော်က အဆိုပါ ကုန်တင်သင်္ဘောဝမ်းဗိုက်အတွင်း၌ ဂဟေဆော်ရာမှ ဆီငွေ့နှင့် ဂဟေမီးပွားတို့ထိတွေ့ပြီး မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုအား Level 1 ယာဉ်အုပ်စုဖြင့် သန္နေ မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ် ၇၀ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ် ၅ စီး၊ အုပ်ချုပ်မှုယာဉ် ၃ စီးတို့ဖြင့်ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီကျော်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာမှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန္တလေးနားမကြားသောကလေးများကျောင်း အာစရိယပူဇော်၊ ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါနကျွေးမွေး

**မန္တလေး အောက်တိုဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးနားမကြားသောကလေးများကျောင်း ၂၀၂၄ ပညာသင်နှစ် သီတင်းကျွတ်ကာလ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၁ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ်၊ စစ်ကိုင်းလမ်းခွဲရှိ အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးနားမကြားသောကလေးများကျောင်းမှ ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများက လက်အုပ်ချီမိုးကန်တော့ကြရာ ကျောင်းအုပ်ဆရာမကြီးက ဆုပေးစကားပြောကြားသည်။ ထို့နောက် ဆရာ၊ ဆရာမများ၊ စေတနာအလှူရှင်များ စုပေါင်း၍ အာဟာရဒါနကျွေးမွေးပြီး သီတင်းကျွတ်ကျောင်းပိတ်ရက်အကြို ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။ (ဝ၄၅)

## စားအုန်းဆီလက်ကားရည်ညွှန်းဈေး နှစ်ပတ်ဆက်တိုက် ဈေးကျဆင်း

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ်(၁၄-၁၀-၂၀၂၄)ရက်မှ (၂၀-၁၀-၂၀၂၄)ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၃၅၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

(၃၀-၉-၂၀၂၄)မှ(၆-၁၀-၂၀၂၄)ရက်ထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၇၂၀၊ (၇-၁၀-၂၀၂၄)ရက်မှ(၁၃-၁၀-၂၀၂၄)ရက်အထိ ငွေကျပ် ၆၄၅၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် (၁၄-၁၀-၂၀၂၄)ရက်မှ(၂၀-၁၀-၂၀၂၄)ရက်ထိ ငွေကျပ် ၆၃၅၅ ဖြစ်သည့်အတွက် ရည်ညွှန်းဈေး နှစ်ပတ်ဆက်တိုက်ဈေးကျဆင်းလာခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့်မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သင်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ ဘဏ်စရိတ်များ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပါသည်။

အပတ်စဉ်ဖော်ပြပေးထားနေသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင်လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့်အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

* - * - * - * - *

## (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးညှိနှိုင်းစည်းဝေး



**မန္တလေး အောက်တိုဘာ ၁၄**

အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း ကျောင်းစာကြည့်တိုက်တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် အတွင်းရေးမှူး ဦးကျော်နိုင်မင်းတို့က အမှာစကားပြောကြားပြီး ကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာများကို အကြံပြုဆွေးနွေးကြသည်။

အဆိုပါအာစရိယပူဇော်ပွဲတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၆၁ ဦးတို့အား ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း မြနန္ဒာခန်းမတွင် ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကျင်းပရေးကော်မတီ တာဝန်ရှိသူများဖြစ်ကြသည့် ဦးထွန်းဝေ ဖုန်း ၀၉-၂၀၂၃၉၆၁၊ ဦးကျော်နိုင်မင်း ဖုန်း ၀၉-၂၀၁၀၂၇၉၊ ဦးအောင်မြင့်စိုး ဖုန်း ၀၉-၄၂၆၈၀၃၂၄၊ဦးမြင့်ဌေး ဖုန်း ၀၉-၄၃၁၀၁၉၂၀၊ ဦးဇော်ထွန်း ဖုန်း ၀၉-၂၀၀၂၂၁၆၊ မဝင်းဝင်းအေး ဖုန်း ၀၉-၂၀၁၈၈၂၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၉၃)

## သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တံတားများပြန်လည်ပြုပြင်ဆောင်ရွက်



**တံတားဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် သားများဘကျေးရွာ အဝင်လမ်း(၀/၀မိုင်-၁/၂မိုင်) အတွင်း ချဉ်းကပ်တာပေါင် တံတားကျိုးကျခဲ့သည်။

အဆိုပါကျိုးကျသော ချဉ်းကပ်တာပေါင်များ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေဖို့၍ ဂျင်းကျောက်ခင်းပြီး ပြုပြင်ဆောင်ရွက်နေပါကြောင်း၊ သားများဘကျေးရွာအဝင်လမ်း (၀/၁မိုင်-၀/၃မိုင်) ကြား တံတား ၂ စင်း ချဉ်းကပ်လမ်းများ ဆောင်ရွက်နေသည်။

တံတားဦးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဤမြို့နယ် သားများဘကျေးရွာ အဝင်လမ်းမှာ သဘာဝဘေးဖြစ်သည့် ပန်းလောင်မြစ်ရေဝင်ရောက်မှုကြောင့်(၀ ဒသမ ၁ မိုင်-၀/၃မိုင်)ကြား လမ်းအရှည် ၈၀ ပေ၊ ၂ နေရာနှင့်(၀/၃မိုင်-၁/၀မိုင်)ကြားလမ်း အရှည် ပေ ၁၀၀ တို့မှာ ရေတိုက်စား၍ မြေသားချဉ်းကပ်လမ်းများ ရေတိုက်စားပြီး မျောပါပျက်စီးမှုဖြစ်ပေါ်ခဲ့ပါကြောင်း အဆိုပါလုပ်ငန်းများ မြေဖို့ခြင်းဆောင်ရွက်ရန်အတွက် ၂၀၂၄-၂၀၂၅ ခု ပြည်ထောင်စု(ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေကျပ် ၁၉ ဒသမ ၇ သန်း ရရှိရေး တင်ပြတောင်းခံထားကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ သိရသည်။ **(အပေါ်ပုံ)(၄၀၉)**

## ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲများ ကျင်းပမည်



**မင်းဘူး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၁)ရပ်ကွက် ကေလာသဖတောင်ထိပ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲများလည်း ကျင်းပသွားမည်ဖြစ်သည်။

မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် သိကြားမင်း လှူဒါန်းထားသော ရွှေတည်းကျောက်ကို ဌာပနာကာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး၊ ရှေးမင်းအဆက်ဆက်တို့က ဉာဏ်တော်မြှင့်ခြင်း၊ ရွှေထီးတော်တင်လှူခြင်းများဖြင့် တည်ထားကိုးကွယ်လာခဲ့ရာ စကမြို့ဝန်လက်ထက်တွင် ကုန်းပွဲ၊ ရေပွဲ၊ ဇာတ်ပွဲများဖြင့် ခမ်းခမ်းနားနား ကျင်းပလာခဲ့သည်။ ယခုနှစ်တွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ မကျင်းပနိုင်သော်လည်း ဆီမီးပူဇော်ပွဲ၊ စတုဒိသာကျွေးမွေးပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲများဖြင့် ထည့်သွင်းကျင်းပသွားဖို့ စီစဉ်ထားကြောင်း စေတီတော်ဘဏ္ဍာထိန်း ဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းက ပြောသည်။

သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးတွင် ကျင်းပမည့် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများကို ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ အလှူရှင် မိသားစုများ ပူးပေါင်းပါဝင်လှူဒါန်းကာ ကျွေးမွေးသွားမည်ဖြစ်ပြီး၊ သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီမှစ၍ ဆီမီးထွန်းညှိပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

## နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာ(၆)ရွာတွင် နို့စားနွားကောင်ရေ ၉၂ကောင် မွေးမြူထားရှိ

**မိတ္ထီလာ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာ(၆)ရွာတွင် နို့စားနွားကောင်ရေ ၉၂ကောင် မွေးမြူထားကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဒေသထွက်ကုန်အပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နို့စားနွား မွေးမြူခြင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ရန်ပုံ ငွေကျပ်သိန်း ၃၀၀၊ စုစုပေါင်း ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၈၀၀ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ (၆)ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သည်။

အဆိုပါ နို့စားနွားမွေးမြူခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဥယျာဉ်၊ မကျီးပင်ပု၊ အုတ်ကျင်း ကန်သာအေးကျေးရွာနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)ဖြင့် ပေါက်ပင်သာ၊ မုန်ပင်ဆည်ကျေးရွာ စုစုပေါင်း ၆ရွာတို့မှ သက်မွေးအစုအဖွဲ့ ၂၄ဖွဲ့တို့တွင် နို့စားနွားကောင်ရေ ၉၂ ကောင် မွေးမြူထားပြီး နို့စားနွားမွေးမြူရာတွင်လည်း ဒေသစပ်မျိုးနှင့် နိုင်ငံခြားမျိုး (ဂျာစီဖရီရှန်) နွားမျိုးများကို မွေးမြူထားကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

(အောက်ပုံ)

(၄၆၉)





## မြို့မရပ်ကွက် စုံနံ့သာမြိုင်စာကြည့်တိုက် အဆင့်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**နတ်မောက် အောက်တိုဘာ ၁၄**

နိုင်ငံတော်အစိုးရက ပြည်သူများ စာပေလေ့လာဖတ်ရှုစေရေး၊ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းမီစွာ ထားရှိပေးနိုင်ရန်အတွက် စာကြည့်တိုက်အသစ်များ ဖွင့်လှစ်ထားရှိနိုင်ရေးနှင့် ရပ်ကွက်၊ ကျေးရွာအတွင်း စာကြည့်တိုက်များ အဆင့်မြှင့်တင်နိုင်ရေးတို့ကို အလေးထားစီစဉ်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့လှူဒါန်းငွေဖြင့် နတ်မောက်မြို့နယ် မြို့မရပ်ကွက်ရှိ စုံနံ့သာ မြိုင်စာကြည့်တိုက်အား အဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲ ၂နာရီ၌ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်အဆင့် စာကြည့်တိုက်များ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်တို့က စာကြည့်တိုက် အဆင့်မြှင့်တင်ခြင်းအတွက် ထောက်ပံ့လှူဒါန်းငွေဖြင့် စာအုပ်စာစောင်နှင့် ပရိဘောဂများ ဝယ်ယူဖြည့်တင်းထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) မူမူစန်း

## မိုးသီးနှံရာသီတွင် စိုက်ပျိုးသည့် ပြောင်းဖူးစား ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းသီးနှံ ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ စိုက်ဧက ၁၃၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၂၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ယနေ့တွင် ဖူးစားပြောင်းစိုက်ဧက ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်အတွက် ဖူးစားပြောင်းသီးနှံ ၁၃၁၉ ဧက လျာထားစိုက်ပျိုး ဆောင်ရွက်ခဲ့ရာမှာ မြေပြင်စိုက်ပျိုးနိုင်မှု ၂၃၁၆ ဧက စိုက်ပျိုးပြီးစီးခဲ့ ပါတယ်။ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို လိုအပ်တဲ့ စိုက်ပျိုးနည်းပညာတွေ၊ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံပိုးမွှား ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကို စိုက်ပျိုးရေးဦးစီးဌာနရှိ တာဝန်ခံကွင်းဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုဆိုရင် ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားရေး အားထားစိုက်ပျိုးတဲ့ ဖူးစားပြောင်းစိုက်ခင်းများဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သိမ်းဆည်းချိန် ရောက်ရှိလာပြီဖြစ်လို့ ဒေသခံတောင်သူတွေက ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် ဩဂုတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ဒီနေ့ထိ ဖူးစားပြောင်း ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ က တစ်ဧကကို ပြောင်းဖူးအရေအတွက် ၁၄၃၀၂ ဖူးထွက်ရှိပါတယ်။ ယခုနှစ်မှာ ဖူးစားပြောင်းသီးနှံ ဈေးကောင်းရရှိတဲ့အတွက် ဒေသခံတောင်သူတွေ လုပ်ငန်းအဆင်ပြေကြပါတယ် ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးကို (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး အဓိက စိုက်ပျိုးသည့် ဖူးစားပြောင်းမျိုးမှာ ရိုးရိုးသံကြားပြောင်းနှင့် (အရပ်ခေါ်) ပန်ရွှေသံကြားပြောင်းမျိုးကို စိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးရာသီတွင် ဖူးစားပြောင်း စိုက်ပျိုးခြင်းဖြင့် ပြောင်းဖူးရောင်းချရသည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန် အစာအဖြစ် ပြောင်းဖူးပင်များကိုလည်း ရောင်းချရ၍ နှစ်သီးစားဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တွင် ကျင်းပမည့် ၂၀၂၄ခုနှစ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အထိမ်းအမှတ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အတွက် ညောင်ဦးမြို့နယ် ပညာရေးဌာနမှ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲတို့အား အောက်တိုဘာ ၁၂ရက် မွန်းလွဲ ၂နာရီက အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)တို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် အထက(ညောင်ဦး)၊ အထက(မြို့မ)၊အထက(ပုဂံ)ကျောင်းတို့မှ Grade-9မှ Grade-12အထိ၊ ကျောင်းသား၊ ကျောင်းသူ၈၇ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ၂၀ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် ၁၃ဦး၊ ပုံပြင်ပြောပြိုင်ပွဲ၉ဦးနှင့် စာစီစာကုံးပြိုင်ပွဲဝင် ၄၅ဦးရှိကြောင်း၊ ပြိုင်ပွဲဝင်စာစီစာကုံးခေါင်းစဉ်မှာ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာကြည့်တိုက်ကိုသွားကြစို့ ဖြစ်ကြောင်းနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံဆွဲပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကိုလည်း၊ လာမည့်ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပနေသည့်ကျောင်းများသို့ ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်း၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ဦးစီးအရာရှိ ဒေါ်သူဇာစိုးနှင့် တာဝန်ရှိသူများကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၈၁)



## စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့်ရရှိသည့် အတွေးအမြင်ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်စာရေးဆရာများ၊ စာရေးဆရာမများနှင့် စာပေဝါသနာရှင်များက စာရေးဆရာမဇင်(ရန်ကုန်တက္ကသိုလ်) ရေးသားထားသည့် "အိမ်အပြန် မွေးနေ့လက်ဆောင်နှင့် အတွေးသစ်ဆောင်းပါးများ စုစည်းမှု" စာအုပ်ဖြင့် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇမ္ဗူသီရိမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ဝိုင်း ကျင်းပခြင်းသည် အကျိုးကျေးဇူးများစွာရှိပါကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတပြည့်ဝစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများ အပြန်အလှန် ဖလှယ် ဆွေးနွေးနိုင်ရေးနှင့် စာပေမြတ်နိုးသူများ အချင်းချင်း ချစ်ခင်စည်းလုံးမှု ပိုမိုရရှိစေရေး ရည်ရွယ်ကာ စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြစ်ပါကြောင်းနှင့် စာရေးဆရာမဇင်(ရန်ကုန်တက္ကသိုလ်) ရေးသားထားသည့် "အိမ်အပြန် မွေးနေ့လက်ဆောင်နှင့် အတွေးသစ်ဆောင်းပါးများ စုစည်းမှု" စာအုပ်ပါ အကြောင်းအရာများအား မိတ်ဆက်ဆွေးနွေးခဲ့သည်။**(ဝဲပုံ)**

ထို့နောက် စာရေးဆရာ၊ ဆရာမများဖြစ်သော အိုင်ပီမျိုးအောင်၊ ရွှေပြည်စိုး(မိုးကုတ်)၊ ကိုလင်း(အညာမြေ)၊ အညာသားဗတူး(ကျားတက်မြေ)၊ နွေဦးကိုကို(နေပြည်တော်)၊ မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)၊ ဌေးသစ်လွင်(ပရိမ္မ)၊ ယုံလေး၊ မေချို(ပျဉ်းမနား)၊ ဈာန်(စွမ်းအင်)၊ နန်းနန်း(စပါးကျီ)၊ ဒီရာစွမ်းအင်၊ ရာမညသွေးမွှန်နှင့် စာပေဝါသနာရှင်များက စာရေးဆရာမဇင်(ရန်ကုန်တက္ကသိုလ်)ရေးသားထားသည့် "အိမ်အပြန်မွေးနေ့လက်ဆောင်နှင့် အတွေးသစ်ဆောင်းပါးများ စုစည်းမှု" စာအုပ်အား ဖတ်ရှု၍ မိမိတို့၏ ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး သုံးသပ်ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် စာရေးသူ၏ ခံစားရေးသားခဲ့မှုများကို အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့။

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယဉ်ကျေးမှုမြန်မာ

## ကြိုးစားမယ်

* သင့်ဂုဏ်ရည် အလုတရား
ခမ်းနားလို့ တင့်တယ်ရန်
အမှားကို မပြုလုပ်ဘဲ
ကြိုးကုတ်စိတ်ကြံ ။

* ကြိုးစားသူ ရေ့ရောက်ရန်
ဘဝဟာ တောက်ပပြန်
ပန်းတိုင်ကို ရည်ရွယ်လှမ်း
ရောက်ကြစေ ။

* ပျင်းရိခြင်းကို ရှောင်ကြဉ်အမှန်
ပန်းတိုင်မြေ ရောက်မှာမို့
အတွေ့အကြုံ အသုံးချလို့
သွားကြပါစို့ ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## ရေဘေးသင့်ခဲ့သော အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးပါပုံးများအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်

**ကျောက်ဆည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက ရေဘေးသင့်ခဲ့သော အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေး ပစ္စည်း(၁၆)မျိုးပါ ပုံးများအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူးက ရေဝင်နစ်မြုပ်ခဲ့ပြီး ပျက်စီးခဲ့သည့် လူနေအိမ်မိသားစုဝင်များ အဆင်ပြေစေရေး၊ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်စု(၁၅)အုပ်စု၊ကျေးရွာ(၁၇)ရွာတို့မှ လုံးဝရေမျောပျက်စီးခဲ့သည့် အိမ်ခြေ(၁၉၂)လုံးမှ အိမ်ထောင်စု(၁၉၂)စုအတွက် တန်ဖိုးငွေကျပ် ၂၇၆၀၀၀၈၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးပါ ပစ္စည်းပုံးများအား ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)



## စာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်း မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းက ယောင်ကြန့်ကျေးရွာအုပ်စု၊ ရဲဘော်ဟောင်းကျေးရွာ၌ စာကြည့်တိုက် ဆောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။



မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးမှ နိုင်ငံတော်မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် အလျား ၃၆ပေ၊ အနံ ၂၂ ပေ အကျယ်ရှိ ထွန်းတောက် စာကြည့်တိုက် ဆောက်လုပ်နေမှုအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နန်းပန်(ပြန်/ဆက်)**



# သတင်းပဒေသာ

## ထောက်ပံ့ငွေနှင့်ကျောင်းသုံးပစ္စည်းများ ပေးအပ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့ မြို့မပရိယတ္တိစာသင်တိုက်၌ ယမန်နေ့ နံနက် ၉ နာရီက မော်လမြိုင်မြို့၊ ဇေတဝန်ကျောင်းတိုက်၊ သာသနာ့နွယ်ဆရာတော် ဦးဆောင်၍ အလှူရှင်များက ကလောမြို့နှင့်အင်းတိန်ကျေးရွာရှိ ရေဘေးသင့်ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေအိမ်မျောပါပျက်စီးခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ဧေယျာသီရိမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါပျက်စီးခဲ့သည့် အိမ်ထောင်စုများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေဘေးသင့် နေအိမ်မျောပါပျက်စီးခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဧေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ရာဂီမုန်တိုင်းအရှိန်ဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကံကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၄၂၆ ကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇နာရီမှ ညနေ ၆ နာရီထိ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအသီးသီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးပညာပေးခြင်းများဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးဝဲ၊ ယာရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခြင်းများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးအတွက် ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ဦးဆောင်မှု၊ လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံအုပ်ဒေါက်တာနန္ဒာကျော်ကြီးကြပ်မှုဖြင့် ကျန်းမာရေးမှူး ၅ ဦးပါအဖွဲ့ ၇ ဖွဲ့က လေးကသိန်း၊ အောင်သုခ၊ မြောင်းမြ၊ အုတ်ဖိုဇောင်း၊ နန္ဒင်းအိုင်၊ လက်ပံတန်းကျေးရွာများတွင် ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကလိုရင်းခပ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းဆက်လက်ကောက်ယူလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းကောက်ယူခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် တ-၃/၈၊ ၁၀၂လမ်း၊ ၆၂လမ်းနှင့်၆၃လမ်းနေ ကိုအောင်ကျော်ဦး+မသီတာ မိသားစုမှ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ကို ယမန်နေ့က လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာ ဦးမိတ်၊ ဆရာကြီးဦးတင်မောင်၊ ပါမောက္ခဒေါက်တာ ဦးတင်ထွဋ်၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းတာဝန်ရှိသူတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**



## မိခင်ကြီးမွေးနေ့အထိမ်းအမှတ် သီလပွဲနှင့် အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်မြတ်စွာဘုရားသို့ မွေးမိခင်ကြီး မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ဦးပွားဘုရားဝန်းအတွင်းရှိ ဓမ္မသာလဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအား ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ မွေးနေ့ရှင် အလှူရှင် မိသားစုနှင့် ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)မှ ရှစ်ပါးသီလနှင့် ရွှေအိုးမြှုပ်နှံသောနေ့ တရားတော်များကို ချီးမြှင့်ပေးတော်မူသည်။

ထို့နောက် မိခင်ကြီး၏ မွေးနေ့အထိမ်းအမှတ် အလှူရှင် မန္တလေးမြို့ ၇၉လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ မဟာဘီးတန်းရပ်နေ ဦးတင်ယု+ဒေါ်ကျင်မိုးဆွေ(ခ)ဒေါ်မိုးမိုး၊ (သား)ကိုသက်နိုင်ယု+မအေးအေးငြိမ်း၊ ကိုချမ်းငြိမ်းယု၊ ကိုစောလင်းယု+မအိအိဖြိုး၊ (သမီး)မမွန်မွန်ယု၊ (မြေး)မလမင်းချစ်၊ မောင်ဖွဲ့ခန့်လင်း၊ မောင်ကောင်းခန့်လင်း မိသားစုတို့မှ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးပွားဂေါပကဥက္ကဋ္ဌ ဦးမြင့်ဦးမှ လက်ခံရယူပြီး ဆရာတော်အား သီလပွဲနှင့် ဆွမ်းခဲဖွယ်များကပ်လှူရာ ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှအတန်းများပေးဝေသည်။

အဆိုပါ အခမ်းအနားသို့ ဦးပွားဘုရားဂေါပကအဖွဲ့နာယကများ၊ အတွင်းရေးမှူး ဦးထွန်းလင်း၊ အဖွဲ့ဝင် ဦးသိုးထိန်းအောင်၊ ဦးအောင်မောင်၊ ဦးကျော်မင်းဦး၊ အလှူရှင်မိသားစုနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၆)**

## မိဘမဲ့ကလေးငယ်များအား အာဟာရဒါန အလှူငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ်များအား အလှူရှင် မဟာအောင်မြေမြို့နယ် ၄၁လမ်းနှင့်၄၂လမ်းကြား၊ ၈၆လမ်း၊ မာလကာခြံရပ်နေ ဦးအေးနိုင်စန်း(ခ)ဒွေး+ဒေါ်ဇင်မာလှိုင်၊ (သမီး) မမြတ်သဲစုလှိုင် (၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် နံနက်စာနှင့် နေ့လယ်စာထမင်းဟင်း အာဟာရဒါနအတွက် အလှူငွေကျပ် ငါးသိန်းခွဲကို ယမန်နေ့က ကျောင်းတိုက်ဦးစီးပဓာနနာယကသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာစရိယ B.A)ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က သာဓုအနုမောဒနာခေါ်ဆိုပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်ခဲ့သည်။

ပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာ ကျောင်းတိုက်သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ တိုင်းရင်းသားမိဘမဲ့ကလေးငယ်စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရကျွေးမွေး လှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံဖွံ့ဖြိုးရေးအလှူငွေများလှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈ ၃၂၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## ချို့တဲ့အိမ်ထောင်စုများအား လစဉ်ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၁၆)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ ထောက်ပံ့မှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။



ထောက်ပံ့မှုတွင် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စု ၁၀၀ အား ဆန်နှစ်ပြည်၊ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာ တစ်ဘူး၊ စားဖိုချောင်သီးနှံ သုံးမျိုးစီနှင့် ငွေကျပ် ၅၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့ခဲ့ရာ ယနေ့အထိ (၁၆)ကြိမ်မြောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များ၏ လှူဒါန်းပါဝင်မှုပေါ် မူတည်ပြီး တိုးမြှင့်ထောက်ပံ့ပေးနေခြင်း ဖြစ်သည်။

အဆိုပါ ထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့နိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့ထောက်ပံ့ပေးနိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# သီတင်းကျွတ်ရာသီပန်း(သို့မဟုတ်)ဆေးဖက်ဝင် ကြာပန်းလေးများအကြောင်း

မြန်မာလ၏ ၁၂ လရာသီပန်းများအကြောင်းကို "ရာသီမသိ ပန်းနှင့်ညို" ဟု အမည်ရသော ချစ်စရာကဗျာလေးတစ်ပုဒ်ကို ကင်းဝန်မင်းကြီးက ယခုလို ရေးဖွဲ့သီးကုံးခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

**ပန်းကုံ့ကော် ရွှေစံကား**
**ငွေသားန စံပယ်မှန်။**
**မုလေး(မြတ်လေး) ခတ္တာနှင့်**
**ရွှေရင်းမာ ကြာခဝဲ**
**ဖွဲ့စနှင်းလျှံ။**
**သဇင်ကျန်**
**ခွာတန်နှင့် ပေါက်လဲ။**
**ပွင့်ဝတ်ကယ် ရွှေဖီမင်း**
**သင်းထုံနံ့ကဲ။**

ထို့ကြောင့်တန်ခူးလတွင် ကံ့ကော်ပန်း၊ ကဆုန်လတွင် စံကားပန်း၊ နယုန်လတွင် စံပယ်ပန်း၊ ဝါဆိုလတွင် မြတ်လေးပန်း၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ယင်းမာပန်း၊ သီတင်းကျွတ်လတွင် ကြာပန်း၊ တန်ဆောင်မုန်းလတွင် ခဝဲပန်း၊ နတ်တော်လတွင် သဇင်ပန်း၊ ပြာသိုလတွင် ခွာညိုပန်း၊ တပို့တွဲလတွင် ပေါက်ပန်းနှင့် တပေါင်းလတွင် သရဖီပန်းတို့ ဖူးပွင့်ကြကြောင်းကို မြန်မာဖတ်စာကဗျာ၏ ကျေးဇူးကြောင့် ကျွန်မတို့ ငယ်ငယ်တည်းက သိခွင့်ခဲ့ရပါသည်။

## သီတင်းကျွတ်လ ကြာပန်း

"ရေ၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်များဖြင့်သာ သိရာ၏" ဟု လောကနီတိတွင် ဆိုထားသည်။

"ကြာငါးမည် ကြိုင်သင်းလို့ လျှံဝင်းတဲ့ ပြောင်ထိန်"ဟု ဖိုးသူတော်ဦးမင်းက စာဖွဲ့ထားပါသည်။

ကြာငါးခိုင်နှင့်ပတ်သက်၍ စေတီပုထိုးများတွင် ကြာမှောက်၊ ကြာလန်များ ပြုလုပ်ထားခြင်း၊ ဘာသာရေးအဆောက်အအုံများတွင် ကြာပန်းလေးပွင့်နှင့် ကြာပန်းတစ်ငုံကို ကြိုးဖြင့် စည်းထားခြင်း၊ ကြာပန်းငါးခိုင်ကို ကြိုးဖြင့်ချည်ထားသည့် အမှတ်တံဆိပ်ကို အသုံးပြုနေကြခြင်း စသည့် လက္ခဏာများသည် ဘုရားငါးဆူ ပွင့်တော်မူမည်ကို ညွှန်းဆိုပြနေခြင်း ဖြစ်ပါသည်။

ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည်ဟု မိုးနတ်ဗြဟ္မာများက နိမိတ်ဖတ်ကြားခဲ့ရာ "ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာ မြွာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးပါးအညီ၊ ပွင့်တန်သည်ဟု၊ ငါးမည် မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ် ကမ္ဘာ၊ ပွင့်ရာသောဝ်"ဟု စာဆိုရှိခဲ့သည်။ ကြာငါးခိုင်နှင့် ဘုရားငါးဆူကို တင်စားရာတွင် လက်ကြာမုံလည်း ပါဝင်သည်။ လက်အုပ်ကလေးတွေချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကို ကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့် ပုံသဏ္ဌာန် ဖြစ်ပါသည်။

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟူသော ဆိုရိုးစကားအတိုင်း ကျန်းမာရေးရှုထောင့်မှ လေ့လာကြည့်ရာတွင် ၁၂ လ ရာသီပန်းများတွင်လည်း တစ်မျိုးချင်းစီအလိုက် ကျန်းမာရေးအာနိသင် အစွမ်းထက်မြက်ကြပါသည်။ သီတင်းကျွတ်လ ရာသီပန်းသည် ကြာပန်း ဖြစ်ပါသည်။ ကြာဖြူ(ခေါ်)ကုမုဒြာကြာ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်(ခေါ်)ကြာပုဏ္ဍရိက်၊ ကြာခေါင်းလောင်း(ခေါ်)ပဒုမ္မာကြာဟူ၍ ရေမှာပေါက်သော ကြာပန်းငါးမျိုး ရှိသည်။ ထို့ကြောင့် ယနေ့ချိန်ခါ ဝါလကင်းလွတ် သီတင်းကျွတ်လရာသီအတွက် ကြာပန်းလေးများ၏ ကျန်းမာရေးအကြောင်းကို ကျန်းမာသုတရကြပါစေကြောင်းရည်ရွယ်၍ စာရေးသူမှ အောက်ပါအတိုင်း ရေးသားလိုက်ရပါသည်။

ကြာပင်ဆိုသည်မှာ အရွက်ဝန်းပြီး အပွင့်တို့သည် အဖြူ၊ အနီပွင့်သော ရေတွင်ပေါက်သည့် အပင်တစ်မျိုး ဖြစ်ပါသည်။ ကြာငါးမျိုးအနက် ကြာဖြူ၊ ကြာနီ နှင့် ကြာညိုတို့က ဥပ္ပလမျိုးဖြစ်ပြီး ကြာတံဆိပ်က ပုဏ္ဍရိက်မျိုး ဖြစ်သည်။ ကြာဖြူနှင့် ပဒုမ္မာကြာတို့က ညချမ်းချိန်ခါ လရောင်အောက်မှာသာ ပွင့်လေ့ရှိကြပြီး ကျန်ကြာပန်းအရောင် သုံးမျိုးတို့ကမူ နေရောင်ခြည်ဖြာထွက်လာမှသာ ပွင့်လန်းလေ့ရှိသည်။ ပဒုမ္မာကြာသည် ရိုးတံမာပြီး ဆူးရှိသည်။ အများအားဖြင့် ပန်းရောင် အပွင့် ပွင့်ကာ၊ အပွင့်ကြီးသည်။

ဖော်ပြပါ ကြာပန်း ငါးမျိုးအပြင် ကုန်းပေါ်မှာသာပေါက်၍ နေရှိရာအရပ်သို့ လှည့်၍ပွင့်သော နောက်ထပ် ကြာပန်းတစ်မျိုး ရှိပါသေးသည်။ ၎င်းမှာ နေကြာပန်း ဖြစ်ပါသည်။ သို့သော် ရှေးပညာရှိ ကဝိအကျော်အမော်များက ရေမှာပွင့်သော ကြာပန်းကိုသာ သီတင်းကျွတ်ကာလ ၁၂ လရာသီပန်းဘွဲ့အဖြစ် သတ်မှတ်ပါသည်။

ရေမှာပွင့်သော ကြာပန်း ငါးမျိုးကို ခွဲခြမ်းစိတ်ဖြာကြည့်ရာ အဝါဖျော့ရောင် ဝတ်ဆံဖြင့် ပွင့်ချပ်အဖြူကို "ကြာဖြူပန်း"၊ ပွင့်ဖတ်က နီစွေးစွေး ပန်းရောင်လွင်လွင်ကို "ကြာနီပန်း"၊ ရွှေရောင်တောက်တောက်ဝတ်ဆံကို "ကြာညိုပန်း"၊ သေးသေး ကျစ်ကျစ် အရွယ်အစားလေးများဖြင့် ရေမျက်နှာပြင်ပေါ် ဖြန့်ကျဲ၍ ပွင့်တတ်သောပန်းကို "ကြာတံဆိပ်"၊ အဖြူရောင်ပွင့်ချပ်ခုနစ်လွှာပါသော ပန်းကို"ပဒုမ္မာကြာ"ဟု ယေဘုယျအားဖြင့် ခွဲခြားသိမြင် သတ်မှတ်နိုင်ပါသည်။

ကြာပန်းကို မြန်မာလူမျိုးများက ပန်ဆင်လေ့မရှိပါ။ သို့သော် လေ့လာကြည့်ရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်(ဘီစီ ၃၀၀၀ ခန့်)က ယခု ပါကစ္စတန်နိုင်ငံရှိ အိန္ဒုမြစ်ဝှမ်းတွင် မိုဟင်ဂျိုဒါရိုမြို့၊ ဟာရပ္ပမြို့များ ထွန်းကားခဲ့သည်။ ထိုမြို့များတွင် နေထိုင်သူများမှာ ဒြာဗီးဒီးယန်းလူမျိုးများ ဖြစ်ကြသည်။ ထိုမြို့များကို တူးဖော်ရာ၌ ယင်းဒေသတွင် နေထိုင်သူများက ကြာကို အမြတ်တနိုး ပန်ဆင်အသုံးပြုခဲ့ကြသည်ဟု ယူဆရသော အထောက်အထားများ တွေ့ရကြောင်း လေ့လာသိရပါသည်။ ကြာပန်းနှင့်ပတ်သက်၍ နောက်ထပ်တွေ့ရှိထားသော ဗဟုသုတတစ်ခုမှာ တောင်အမေရိကတိုက် အမေဇုံမြစ်ကမ်းစပ်တွင် ဗစ်တိုးရီးဂျီးယားဟုခေါ်သော ကြာအမျိုးအစားရှိကြောင်း ကြာအရွက်မှာ ၆ ပေ ၇ ပေအထိရှိပြီး အပွင့်မှာ ၈ လက်မမှ ၁၆ လက်မအထိရှိကြောင်း သိရပါသည်။

## ကြာပန်းနှင့် ဘာသာရေးအမှတ်တံဆိပ်

ဗုဒ္ဓဘာသာတွင် ကြာပန်းကို အထင်ကရ တင်စားမှုပြုလေ့ရှိသည်။ ထို့ပြင် ကြာကို ကိလေသာစင်ကြယ်ခြင်း၏ သင်္ကေတဟု တင်စားကြသည်။ မြတ်စွာဘုရားကို ကြာသင်္ကန်းကပ်ခြင်း၊ မြန်မာပြည်ရှိ စေတီများတွင်လည်း ကြာမှောက်၊ ကြာလန်၊ ကြာဘီလူးဆွဲ၊ ကြာနှ၊ ကြာပုံ့များပါရှိသည်။ ဘာသာရေးနှင့်ပတ်သက်ပြီး မြန်မာ့ယဉ်ကျေးမှု နယ်ပယ်များတွင် ကြာပန်းကို ပုံစံအမျိုးမျိုး သုံးကြကြောင်း အောက်ပါအတိုင်း လေ့လာသိရပါသည်။

* ကြာချပ်ပုံများဖြင့် မွမ်းမံပြုလုပ်ထားသောကလပ်(လုပ်ကရော့အုပ်ဒေါင်းလန်း၊ ဆန်းလှသည့်ကြာကလပ်။ ဂီသစ်။ ၁၁၃)

* ပြာသာဒ်တွင် ထုပိကာအောက်ရှိ အစိတ်အပိုင်း(ရွှေနန်းဝေမာ၊ ထုပိကာ၏၊ နေရာအောက်ရပ်၊ ကြာကလပ်တွင်။ စိန်ကျော်။ ၉)

* ကြာချပ်များဖြင့် မွမ်းမံသော အလောင်းတင်ခုံ(လူသေအလောင်းထည့်သော ခေါင်းပျဉ်၊ ကြာကလပ်ပိတာန်၊ ကြာကလပ်။ ချုပ်ပုံ၊ ဒ၊ ၅၆)

* ကြာငုံ၊ ကြာဖူးကို "ကြာမုံ"၊

* စေတီတွင် ရွှဲနှင့်ငှက်ပျောဖူးအကြားရှိ မှောက်ထားသော ကြာပုံအစိပ်အပိုင်းကို "ကြာမှောက်"၊

* လှန်ထားသော ကြာပုံအစိတ်အပိုင်းကို "ကြာလန်"၊

* ကြာလန်အထက် ကြာမှောက်အောက်တွင် ပြုလုပ်ထားသော ဒေါင်လိုက်အတွန့်ကို "ကြာရင့်"၊

* မဏ္ဍပ်ကနားများတွင် ဆွဲထားသော၊ ဆင်ထားသော နဖူးစီးအဆင်တန်ဆာကို "ကြာယပ်"၊

* ကြာပင်က ကြာမျှင်များကို ခက်ခက်ခဲခဲရယူပြီး ရက်လုပ်ထားသော သင်္ကန်း၊ ဘုရားလှူရန် အဆင်တန်ဆာများဖြင့် တင့်တင့်တယ်တယ် ချုပ်ထားသောသင်္ကန်းကို "ကြာသင်္ကန်း" စသည်ဖြင့် လေ့လာမှတ်သားရပါသည်။

## ဆေးဖက်ဝင် ကြာပန်း

ကြာပန်း အရောင်အဆင်းများ မတူညီကြသကဲ့သို့ ၎င်းတို့၏ ဝတ်ဆံများကလည်း အမျိုးမျိုးအဖုံဖုံ ဆေးဖက်ဝင်လှသဖြင့် ရှေးတိုင်းရင်းဆေးဆရာကြီးများက ကြာပန်းကုထုံးဖြင့် အောက်ဖော်ပြပါရောဂါများကို ကုသစီရင်ခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။

* ကြာဖြူဝတ်ဆံသည် ဝမ်းသွားခြင်း၊ အထက်ဆန်အောက်လျှောခြင်း၊ သည်းခြေဖောက်ပြန်ခြင်း၊ ကိုယ်တွင်းအပူများ၍ ပိန်လှီခြောက်ကပ်ခြင်း၊ သလိပ်ထခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

* ကြာနီဝတ်ဆံသည် လေပူထခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

* ကြာညိုဝတ်ဆံသည် ဝမ်းသက်ခြင်း၊ ချွဲသလိပ်ထခြင်း၊ လေထိုး၍ နှလုံးဆို့အောင့်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ဖျားနာခြင်း၊ ကိုယ်ခံအားနည်းခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

* ကြာတံဆိပ်ဝတ်ဆံသည် အပူပြင်း၍ ဖျားနာခြင်း၊ စိတ်ဂဏှာမငြိမ်ဖြစ်ခြင်း၊ သွေးအန်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်း၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ သည်းခြေမကောင်းခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

* ပဒုမ္မာကြာဝတ်ဆံသည် သွေးသည်းခြေဖောက်ပြန်၍ ဖြစ်သော စိတ္တဇဝေဒနာ(ရူးသွပ်ခြင်း)၊ ရင်ပူခြင်း၊ လည်ချောင်းပူခြင်း၊ ချောင်းဆိုးခြင်း၊ ငိုက်မြည်းခြင်း၊ ရေငတ်ရောဂါ၊ ကိုယ်ခံအားဆုတ်ယုတ်ခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

## ကြာရိုးနှင့် ကျန်းမာရေး

ကြာရိုးဆိုသည်မှာ ကြာပန်းအောက်မှာရှိသော အရိုးပွပွလေးကို ခေါ်ပါသည်။ အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း ကြာပန်းအမျိုးမျိုးရှိကြရာ ၎င်းတို့အနက် ကြာနီပန်း၏ အရိုးကို ဟင်းချိုဟင်းခါး ချက်သောက်ကြပါသည်။ နီညိုရောင်လေးရှိပြီး ခပ်ပွပွရိုးတံလေးကို အရွယ်တော်လေးတွေလှီးဖြတ်ကာ ဘေးနားကအမျှင်လေးတွေကို သင်ပြီး ချက်စားလို့ရပါသည်။

ကြာရိုးတွင် ကယ်လ်ဆီယမ်၊ သံဓာတ်နှင့် အမျှင်ဓာတ်တို့ ကြွယ်ဝစွာ ပါဝင်နေပါသည်။ ကြာရိုး စားပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးကောင်းကျိုးများစွာကို ရရှိစေပါသည်။

* ကြာရိုးက အမျှင်ဓာတ် ကြွယ်ဝသောကြောင့် အစာခြေစနစ်ကို အထောက်အကူပြုနိုင်သလို ဝမ်းမှန်စေသည်။ ဝမ်းချုပ်တတ်သူများအတွက် အထူးသင့်တော်ပါသည်။

* ကြာရိုးတွင် ကယ်လ်ဆီယမ်ပါဝင်နေမှုက နှလုံးကျန်းမာရေးကို အကောင်းဆုံးအထောက်အကူ ပြုပေးနိုင်ပါသည်။

* ထို့ပြင် ကယ်လ်ဆီယမ်ကြွယ်ဝမှုက အရိုးတွေကို သန်မာစေပြီး အရိုးသိပ်သည်းဆကို ကောင်းစေနိုင်ပါသည်။

* ကြာရိုးက ဓာတ်တိုးဆန့်ကျင် အာနိသင်ကြွယ်ဝသလို အမိုင်နိုအက်ဆစ်တစ်မျိုးဖြစ်သော tryptophan ကြွယ်ဝစွာပါဝင်နေသောကြောင့် ဆဲလ်တွေကို ထိခိုက်မှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။ထို့ပြင် ပတ်ဝန်းကျင်က ညစ်ညမ်းတတ်သော အရာတွေကြောင့် ဆဲလ်တွေမပျက်စီးအောင် ကာကွယ်ပေးနိုင်သည်။

* ကြာရိုးတွင် ပိုတက်ဆီယမ်ကြွယ်ဝမှုက သွေးပေါင်ချိန်ကို ထိန်းညှိပေးသလို သွေးတွင်းသကြားဓာတ်ကိုလည်း အကောင်းဆုံးထိန်းညှိပေးသည်။ ထို့ကြောင့် ကြာရိုးကို ဆီးချိုရှိသူတွေရော သွေးတိုးရှိသူတွေပါ စားသုံးပေးသင့်ပါသည်။

* ကြာရိုးတွင် မဆိုသလောက် ဗီတာမင်စီပါရှိနေ၍ကိုယ်ခံအားကောင်းစေဖို့ အထောက်အပံ့ကောင်း ဖြစ်သည်။

* အမျှင်ဓာတ် ကြွယ်ဝကာ ကယ်လ်လိုရီပါဝင်မှု နည်းပါးခြင်းနှင့် အာဟာရဓာတ်ကြွယ်ဝမှုကြောင့် ကြာရိုးက ကိုယ်အလေးချိန်ကျစေဖို့ အကောင်းဆုံး အထောက်အပံ့ပေးနိုင်သည်။

* ကြာရိုးမှာ ဗီတာမင်ဘီ၊ နီကာစင်၊ ဖောလိတ်၊ သီရာမင်း၊ ဗီတာမင်ဘီ-၆ နှင့် Pantothenic အက်ဆစ်တို့ ကြွယ်ဝစွာ ပါဝင်နေတာကြောင့် မှတ်ဉာဏ်အားကောင်းစေသည်။ သတိမေ့၊ ခေါင်းကိုက် စသည့် စိတ်ဖိစီးမှုတွေကို ပြေလျော့စေပါသည်။ ထို့ကြောင့် ကြာရိုးက စိတ်ကြည်လင်လန်းဆန်းစေရန် အကောင်းဆုံး ဖြည့်စွက်စာတစ်မျိုး ဖြစ်သည်။

* ကြာရိုးက ကလေးတွေရော ကိုယ်ဝန်ဆောင် မိခင်လောင်းတွေပါ စားနိုင်သည့် ဘေးကင်းသော စားစရာတစ်ခု ဖြစ်သည်။ **(သတိပြုရန်) ကြာရိုးကို ချက်မစားခင်မှာ သေချာစွာသန့်စင်ဆေးကြောဖို့ လိုပါသည်။**

စေတနာများစွာ

**တင်ထက်ထက်ဇော်**

## မိုးကြိုးလျှပ်စီးထဲမှ ဂမ်မာရောင်ခြည်ထုတ်လွှတ်မှုကို နာဆာအဖွဲ့မှ သုတေသီများ လေ့လာတွေ့ရှိ



မိုးရာသီတွင် မိုးကြိုးမုန်တိုင်းကျရောက်ပါက ကောင်းကင်ယံရှိ တိမ်တိုက်တိမ်လိပ်များအကြားမှ တဖျတ်ဖျတ် လင်းလက်သော လျှပ်စီးကြောင်းများကို တွေ့မြင်ဖူးကြပေလိမ့်မည်။

ကောင်းကင်နှင့်မြေပြင်ရှိ လျှပ်စစ်အဖိုနှင့် အမထိတွေ့ရာမှ လျှပ်စီးလက်ခြင်းဖြစ်သည်ဟု အခြေခံရူပဗေဒပညာတွင် ဖော်ပြထားသည်။

ယင်း လျှပ်စီးလက်ခြင်းနှင့် ပတ်သက်၍ နော်ဝေနှင့် နာဆာအဖွဲ့မှ ပူးပေါင်းသုတေသီများ လေ့လာလျက်ရှိရာ မိုးကြိုးလျှပ်စီးထဲမှ ဂမ်မာရောင်ခြည် ထုတ်လွှတ်မှုကို မကြာသေးမီက လေ့လာတွေ့ရှိခဲ့ကြောင်း နေးချားသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

မိုက်ခရိုစက္ကန့်ကျော် ကြာမြင့်သော အချိန်အခိုက်အတန့်အတွင်း အလွန်အားပြင်းသည့် ဂမ်မာရောင်ခြည်ထုတ်လွှတ်မှုကို တိုင်းတာရန်နှင့် အသုံးချနိုင်ရန် အဆိုပါပူးတွဲသုတေသီများ ဆက်လက် စူးစမ်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

(SCI)

*-*-*-*-*

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Lee Yi Kyung က Run Jin အပိုင်းခြောက်တွင် ပါဝင်

Welcome to Waikiki နှင့် ပရိသတ်အားပေးမှုရရှိထားသည့် ဂင်ချားနား ခေါ် Lee Yi Kyung မှာ ဟာသဇာတ်ရုပ်ပိုင်နိုင်သူဖြစ်ပြီး Run Jin အပိုင်းခြောက်တွင် ပါဝင်ထား၍ ပရိသတ်ကို ပျော်ရွှင်မှုပေးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

BTS မှ Jin ခေါ် Kim Seok Jin နှင့် အနုပညာကျောင်းအတူ တက်ခဲ့သူဖြစ်ပြီး Jin ၏ အစီအစဉ် Run Jin အပိုင်းခြောက် Tennis Prince Jin တွင် သူငယ်ချင်းနှစ်ဦး အတူပါဝင်ထားကြသည်။

Tennis ရိုက်တော်သော Jin နှင့် Lee Yi Kyung တို့နှစ်ဦးသား ကလေးများနှင့်အတူရန်ဖြစ်ကြ၊ ငြင်းခုန်ကြနှင့် ပျော်ရွှင်ဖွယ်ဖြစ်ခဲ့ကြကာ လွန်ခဲ့သည့် ရှစ်နှစ်မှ စခဲ့သည့် Run BTS Show ကို မကြည့်ဘူးဟုဆို၍ Youth Over Flowers တွင် သူမပါခဲ့ပုံကို ရှင်းပြမှ ပို၍ရယ်စရာဖြစ်ခဲ့သည်။

ဂင်ချားနားနှင့် Jin တို့နှစ်ဦး သူငယ်ချင်းသံယောဇဉ်နှင့် ကစားပွဲကို အဆုံးသတ်ခဲ့ကြသော်လည်း ပရိသတ်က နှစ်ဦးစလုံးကို ချစ်မဝဖြစ်နေကြသည်။ (SKY)





## Lu Han ၏ တရုတ်ပြည်ပြန်ရောက်သည့် ဆယ်နှစ်ပြည့်ပွဲ ကျင်းပ

တရုတ်အနုပညာရှင် K Pop EXO အဖွဲ့ဝင်ဟောင်း Lu Han ၏ တရုတ်ပြည် ပြန်ရောက်သည့် ဆယ်နှစ်ပြည့် ပရိသတ်တွေ့ဆုံပွဲ ကျင်းပခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် Lu Han အတွက် အဝါရောင်များ အသုံးပြု၍ အဝါရောင်လွှင်ပြင် ဖန်တီးထားကာ ပရိသတ်များက Lu Han ၏ သီချင်းများကို အားလုံးအတူတူ သီဆိုခဲ့ကြရာ ပရိသတ်တွေ့ဆုံပွဲနှင့်မတူဘဲ ဂီတပွဲကဲ့သို့ ထင်ကြရသည်။

တေးရေး၊ တေးဆို၊ သရုပ်ဆောင် Lu Han ကို တရုတ်ပရိသတ်များ ချစ်ခင်စွာ အားပေးထားမှုမှာ မြင်ရသူရင်ထဲ အံ့အားသင့်စရာ ဖြစ်ခဲ့ကြရသည်။

(SKY)

## Big Bang အဖွဲ့ဝင်ဟောင်း Dae Sung က Dae Sung Restaurant ကို ယူကျူတွင် တင်ထား

ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း ဒေဆောင်းသည် တစ်ကိုယ်တော် လှုပ်ရှားမှုများနှင့်အနုပညာ ခရီးဆက်နေရာမှ ဘစ်ဘန်းအဖွဲ့ နှစ်ပတ်လည်အတွက် အထူးတင်ဆက်မှုတစ်ခုကို Dae Sung Restaurant အမည်နှင့် ယူကျူချန်နယ်တွင် တင်ဆက်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်တွင် ထူးခြားစွာ လူဦးရေ နှစ်ယောက်သာ ကန့်သတ်ထားရာ ဖုန်းနံပါတ်တွင် 0426(Dae's Birthday)၊ 0819(Big Bang anniversary)(၁၈)ကြိမ်မြောက်နှစ်ပတ်လည်ဟူ၍ ရေးသားထားသည်။

ဒေဆောင်း၏ Anniday Content ဖြစ်ပြီး လူဦးရေ နှစ်ယောက်ဖြစ်နေ၍ အဖွဲ့ခေါင်းဆောင်ဟောင်း ဂျီဒရယ်ဂွန်ကို ဧည့်သည်တော်အဖြစ် ဖိတ်ခေါ်ထားလိမ့်မည်ဟု ပရိသတ်ထင်ကြေးပေးထားကြသည်။ (SKY)



## 2NE1 မှ Park Bom ၏ စိတ်ဓာတ်ခိုင်မာမှုကို မြင်တွေ့ရ

2NE1 အဖွဲ့ဝင်များတွင် Park Bom သည် ချောမောလှပပြီး နှစ်အတန်ကြာ ဆေးများ၏ ဘေးထွက်ဆိုးကျိုးကြောင့် ဝဖိုင့်သောခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားရာမှ စိတ်ဓာတ်ခိုင်မာစွာဖြင့် ကိုယ်ခန္ဓာလျှော့ချနိုင်ခဲ့သည်ကို မြင်တွေ့ကြရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Park Bom သည် အဖွဲ့ပြိုကွဲသွားပြီးနောက် ကျန်းမာရေးအခြေအနေကြောင့် ဆေးများသောက်ခဲ့ရာမှ ဆိုးကျိုးအဖြစ် ဝဖိုင့်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခဲ့သည်ကို စိတ်ဓာတ်ခိုင်မာစွာနှင့် ယခင်ခန္ဓာကိုယ်အချိုးအစားရရန် ပြောင်းလဲနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာကျော်ကေပေါ့ပ်ဒုတိယမျိုးဆက်ဖြစ်ခဲ့သည့် တူးအင်န်အီးဝမ်းအဖွဲ့ဝင်များ၏ တစ်ကျော့ပြန် ဂီတဖျော်ဖြေပွဲကို ဝိုင်ဂျီအင်တာတိန်းမင့်မှ ကျင်းပပေးခဲ့ရာ အဖွဲ့ဝင် လေးဦးစလုံးကို ယခင်ပုံစံနှင့် ပြန်၍ မြင်တွေ့ခဲ့ကြရပြီး၏ Park Bom ကိုယ်ခန္ဓာချနိုင်မှုကို ပရိသတ် ဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြသည်။

(SKY)



## BTS မှ RM က Sleepy မင်္ဂလာပွဲကို ဝမ် ၁၀ သန်း လက်ဖွဲ့ခဲ့

ဘီတီအက်စ်မှအဖွဲ့ခေါင်းဆောင် အာရ်အမ်နှင့် စလိပီတို့ ခင်မင်ရင်းနှီးမှုရှိခဲ့ကြပြီး စလိပီမင်္ဂလာပွဲတွင် ဝမ် ၁၀ သန်း လက်ဖွဲ့ခဲ့သည်ဟု The Return of Superman အစီအစဉ်တွင် စလိပီက ထုတ်ဖော်ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်တွင် စလိပီက သူ့အိမ်မှအိမ်သုံးပစ္စည်းများအားလုံးမှာ မင်္ဂလာလက်ဖွဲ့များဖြစ်ပြီး အရိုးသားဆုံးပြောရလျှင် အာရ်အမ်က ထိပ်ဆုံးမှပါဝင်ပြီး ဝမ် ၁၀ သန်းကို ဘဏ်အကောင့်မှ ချက်ချင်းပို့ပေးထားသည်ဟု ပြောကြားခဲ့သည်။

အာရ်အမ်နှင့် စလိပီကို Pdogg က မိတ်ဆက်ပေးခဲ့ပြီး အထူးဆက်ဆံရေးရှိခဲ့ကြကာ အာရ်အမ်ခေါ် ကင်နမ်ဂျွန်သည် သူနှင့်တွေ့ဆုံ၊ အားပေး၊ ကူညီခဲ့သူများကို ကျေးဇူးတုံ့ပြန်တတ်ကာ ကြွားဝါလိုစိတ်ကင်းပြီး ကာယကံရှင်များပြောကြားမှ သိခဲ့ရသည်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သူဖြစ်သည်။

(SKY)

## Lisa ကို VMA ညတွင် အတောက်ပဆုံးနှင့် လူပြောအများဆုံး အနုပညာရှင်ဟု ဆို



မကြာမီက ပြုလုပ်ကျင်းပခဲ့သည့် VMA ပွဲည မှတ်တမ်းများကို အသေးစိတ်အချက်အလက်များနှင့် လူမှုကွန်ရက်တွင် လူပြောအများဆုံး၊ အတောက်ပဆုံးကို Sprinkle က ထုတ်ပြန်ကြေညာခဲ့ရာ လီဆာက ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာသည် ပွဲကျင်းပခဲ့သည့် ပထမဆုံး ၂၄ နာရီအတွင်း တွယ်တာ၊ အင်စတာဂရမ်၊ ရက်ဒစ်အစရှိသည့် လူမှုကွန်ရက် အသီးသီးနှင့် မီဒီယာများကြား အတောက်ပဆုံးနှင့် လူပြောအများဆုံးအနုပညာရှင်ဖြစ်ခဲ့သည်ဟု အဆိုပါဌာနက ထုတ်ပြန်ကြေညာထားသည်။

လီဆာ၏တိုက်ရိုက်တင်ဆက်မှု ပြုလုပ်ချိန်တွင်လည်း 388K + Mentioned ဖြင့် ယမန်နှစ်ထက် ကြည့်ရှုသူ 8% မြင့်တက်ခဲ့ကာ Global IT Girl ဆိုသည့် ဂုဏ်ပုဒ်ကို ရရှိခဲ့သည့်အပြင် VMA ဖျော်ဖြေမှုများအတွင်း လီဆာ၏ ဖျော်ဖြေမှုက အများဆုံး ဖြစ်ခဲ့သည်။

(SKY)



# အမြို့မြို့အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ



**မြစ်သား အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူခြင်းကို အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် တိကျမှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဝင်များ စာရင်းစစ်၊ စာရင်းကောက်ဆရာ၊ ဆရာမများနှင့်တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့၏ ရပ်ကွက်၊ ကျေးရွာအလိုက် အဖွဲ့များခွဲပြီး တစ်အိမ်တက်ဆင်းစနစ်ဖြင့် Mobile Tablet အသုံးပြုကာ မေးခွန်းများ မေးမြန်းဆောင်ရွက်ပြီး ဆက်လက်ကောက်ယူခဲ့ရာ အောက်တိုဘာ ၁၂ ရက်အထိ ကောက်ယူပြီးစီးသည့် စာရင်းကောက်ကွက်ပေါင်း ၅၂၅ ခု၊ အိမ်ထောင်စု ၄၁၃၂၇ စုမှ လူဦးရေ ၁၄၉၁၇၁ ဦးတို့အား စာရင်းကောက်ယူနိုင်ခဲ့ပြီး ကျန်ရှိသည့် ကောက်ကွက်များအလိုက် စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၅ ရက်ထိ ဆက်လက်ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



**ရွှေဘို အောက်တိုဘာ ၁၄**

၂၀၂၄ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်တွင် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ရပ်ကွက်(၁၀)၌ ဆက်လက်ကောက်ယူလျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာများ တိကျမှန်ကန်မှုရှိစေရန်အတွက် စာရင်းစစ်၊ စာရင်းကောက်များက CAPI နည်းပညာဖြင့် Mobile Tablet အသုံးပြုပြီး တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူနေမှုများကို အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေခံ နယ်မြေမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား နယ်မြေခံ နယ်မြေမှူးက အလှူငွေနှင့် အာဟာရဒါနများ ပေးအပ်ခဲ့သည်။

ရွှေဘိုမြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို စာရင်းစစ်၊ စာရင်းကောက်(၆၁)ဦးဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

**မိုင်းယောင်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ယနေ့တွင် စုဒ္ဒသမနေ့အဖြစ် ကောက်ကွက်အလိုက် သက်ဆိုင်ရာ စာရင်းစစ်၊ စာရင်းကောက်များက ဆက်လက်ကောက်ယူလျက်ရှိသည်။

CAPI နည်းပညာဖြင့် Mobile Tablet များ အသုံးပြုပြီး သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများ မေးမြန်းကောက်ယူနေမှုကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



**မင်းဘူး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီးမင်းဘူးမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူဆောင်ရွက်နေမှုများအား ယမန်နေ့နံနက်ပိုင်းက မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များ ကွင်းဆင်းကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**



အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များက သက်ဆိုင်ရာ ကောက်ကွက်များရှိ မိသားစုဝင်များ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား Mobile Tablet များအသုံးပြု၍ သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများ မေးမြန်းကောက်ယူနေမှု၊ ပြည်သူများမှ စိတ်ပါဝင်စားစွာ ပြန်လည်ဖြေဆိုနေမှုများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက၊ လိုက်လံကြည့်ရှုအားပေးကာ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့တို့က ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက် ၇ ခု ကျေးရွာအုပ်စု ၆၇ အုပ်စုရှိ၍ ကောက်ကွက်ပေါင်း ၄၁၈ ကွက်တွင် စာရင်းစစ်၊ စာရင်းကောက် ၁၄၉ ဦးဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်အထိ ကောက်ကွက် ၃၁၃ ကွက်တွင် အိမ်ထောင်စု ၃၅၄၄၈ စု ဆောင်ရွက်ပြီးဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။

(၅၀၄)

## မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးစီး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊စာရင်းကောက်များက ၁၁ ရက်မြောက်နေ့အဖြစ် ယမန်နေ့နံနက်ပိုင်းတွင် ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိပြီး အောက်တိုဘာ ၁၀ရက်အထိ ၈၀ ရာခိုင်နှုန်းကျော် ကောက်ယူပြီးစီးခဲ့သည်။

မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။



မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက် ၁၈ ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း ၃၇၇ ကွက်၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးက အောက်တိုဘာ ၁ ရက်မှ ၁၅ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို Mobile Tablet များ အသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျကောက်ယူလျက်ရှိပြီး အောက်တိုဘာ ၁၀ ရက်အထိ ကောက်ကွက် ၃၀၃ ကွက် ကောက်ယူပြီးစီးခဲ့ရာ ၈၀ ရာခိုင်နှုန်းကျော် ကောက်ယူပြီးစီးခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၅၆)

# ပြီးပြည့်စုံသော စံ

**နိုင်ဗလ**

**မြန်မာ့ယဉ်ကျေးမှုစံ၊ ကိုယ်ကျင့်တရားစံ၊ လိုက်နာကျင့်သုံးဖွယ်စံတို့သည် ပိုသည်မရှိ ပြီးပြည့်စုံသော စံပြဓလေ့ထုံးစံဖြစ်သည်။ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သောဓမ္မကို အခြေခံထားခြင်း ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မသည် လူမျိုးနှင့်လည်းမဆိုင်၊ ဘာသာရေးနှင့်လည်းမဆိုင်၊ မည်သည့်ပုဂ္ဂိုလ် လိုက်နာကျင့်သုံးသည်ဖြစ်စေ ဧကန် အကျိုးရှိစေသော Universal Truth ဖြစ်သည်။**

မြန်မာ့ယဉ်ကျေးမှုဟူသည် မြန်မာတို့၏ ယုံကြည်၊ ကိုးကွယ်၊ ပူဇော်သော ဘာသာတရားနှင့် ခွဲခြားရ၍မရပေ။ ယဉ်ကျေးမှုကို လေ့လာပါက ဘာသာတရားပါဝင်ပြီး ဘာသာတရားကို လေ့လာပါက ယဉ်ကျေးမှုသည်လည်း ဆက်လက်ပါဝင်နေသည်ကို တွေ့ရပေသည်။

မြန်မာမိဘများက သားသမီးတို့ကို ဆုံးမပဲ့ပြင်ရာတွင်လည်းကောင်း၊ နေ့စဉ်လူမှုဘဝပေါင်းသင်းဆက်ဆံရာတွင်လည်းကောင်း၊ ဘာသာရေး(တစ်နည်း)ဗုဒ္ဓဘာသာမှပေါက်ဖွားဆက်နွယ်လာသော ဓမ္မပဒ၊ လောကနီတိတို့မှ လွတ်ကင်းသည့် အဆုံးအမဟူ၍ မရှိတတ်၊ မြန်မာ့ယဉ်ကျေးမှုတွင် ဓမ္မပဒ၊ လောကနီတိတို့၏ အဆုံးအမအတွေးအခေါ်၊ အယူအဆတို့သည် ထိပ်ဆုံးမှ ရှိနေပေသည်။ ဘုရားဟောနှင့် အစဉ်ဆက်ပညာရှိတို့၏ လောကီ၊ လောကုတ္တရာရေးရာများစွာတို့ကို ထည့်သွင်းထုတ်နုတ်ပြုစုထားသော ကျမ်းများဖြစ်သည်။ မြန်မာလူမျိုးတိုင်းအတွက် အနာဂတ်လူငယ်သားသမီးများကို ပြုစုပျိုးထောင်ရာတွင်လည်း လောကနီတိ၊ ဓမ္မပဒတို့သည် အခြေခံမှစ၍ အားထားရာအဖြစ် တည်ရှိနေပေသည်။

တောင်မြို့၊ ကျမ်းပြုအကျော်၊ မဟာဂန္ဓာရုံ ဆရာတော်ကြီးက-

*** အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်**
**အိုးတွင်နှိပ်ခတ်၊ တံဆိပ်မှတ်ကား**
**မပြတ်မစဲ၊ အိုးပင်ကွဲလည်း**
**အမြဲတစေ၊ တည်ရှိနေသို့---**

*** ထွေထွေသွေးသား၊ ကလေးများ၌**
**ဘုရားတံဆိပ်၊ ဘာသာစိတ်ကို**
**ခတ်နိုပ်နိုင်မှ၊ သက်ဆုံးကျအောင်**
**ဗုဒ္ဓဝါဒ၊ စွဲ၍တည်မည်**
**ကိုယ်စီခတ်နိုပ် စေသတည်း။ ။**

ဟု ရေးသားဖွဲ့ဆိုခဲ့သည်ကို လေ့လာကြည့်နိုင်သည်။ အနာဂတ်၏ ပိုင်စိုးရာဖြစ်သော သားငယ်၊ သမီးငယ်များ၏စိတ်တွင် ဘာသာသာသနာစိတ်ကို ခတ်နှိပ်ပေးထားနိုင်မှသာ ယဉ်ကျေးလိမ္မာအခြေခံခိုင်၍ ဗုဒ္ဓဘာသာတည်တံ့ခိုင်မြဲမည့်အကြောင်း သတိပေးထားခဲ့ခြင်းဖြစ်သည်။

လူငယ်လူရွယ်များသာမက လူကြီးများပင် အမြဲနှလုံးပိုက်၊ သတိထားဆင်ခြင်လိုက်နာသင့်သည့်အချက်များမှာ ထိုဘာသာစာပေ၊ ဓမ္မပဒ၊ လောကနီတိတို့တွင် ပြည့်စုံစွာ ရှိနေပေသည်။

လူဟူ၍ ဖြစ်တည်လာလျှင် လက်ရှိဘဝတစ်ဆုံးအတွက်သာ မကြည့်သင့်ဘဲ သံသရာအတွက်ပါ ကြည့်သင့်ပေသည်။ သံသရာ အတွက်ကြည့်၍ လုပ်ကိုင်ဆောင်ရွက်နေထိုင်ပါက လက်ရှိဘဝတွင် မိမိနှင့်မိမိပတ်ဝန်းကျင်ကောင်းမွန်လာသည်ကို အထင်အရှား တွေ့ရမည်ဖြစ်ပေသည်။ မိမိဘဝ၊ မိမိမြို့၊ မိမိကမ္ဘာမျှသာ မကြည့်သင့်၊ လောကကြီးတစ်ခုလုံးကို ခြုံငုံဆင်ခြင်သင့်သည်သာဖြစ်သည်။ မိမိ၏ အတ္တ၊ လောဘတို့ကိုသာ ကြည့်သောသူမှာလည်း ဝန်းကျင်နှင့် အဆင်မပြေဖြစ်သကဲ့သို့ သံသရာအတွက်လည်း မကောင်းတတ်။ ထို့ကြောင့် ပရဟိတကိုလည်း ကြည့်ရမည်ဖြစ်သည်။ အတ္တကိုမကြည့်နှင့် ကျဉ်းမြောင်းလွန်းသည်။ ပရကို ကြည့်ရမည်ဟု ဆိုထားခဲ့ခြင်းဖြစ်သည်။ အဓမ္မကို ကြည့်က မှားယွင်းတတ်၍ ဓမ္မကို အသားယူကြည့်ရမည် ဖြစ်ပေသည်။ မိမိခန္ဓာကိုယ်၏ အပြင်ကိုလျှောက်၍ ကြည့်နေပါက မာယာများသော လှည့်စားမှုများနှင့် တွေ့ကြုံရမည်ဖြစ်သည်။ ခန္ဓာကိုယ်၏အတွင်းကိုကြည့်မှသာ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောသဘာဝများကို အထင်အရှားတွေ့မြင်၍ သံသရာမှ လွတ်နိုင်မည်ဖြစ်သည်။ အခြေခံသီလဖြစ်သော စာရိတ္တသီလ၊ ငါးပါးသီလနှင့် ပြည့်စုံနေကြလျှင် သာယာသော လူ့ဘောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ လူဟူသည် ဖြစ်လာပါက အသက်ရှည်၊ ကျန်းမာ၊ အနာကင်း၊ ပစ္စည်းဥစ္စာရှိ၊ လူချစ်လူခင်ပေါများ၊ ဉာဏ်ပညာရှိ၊ သြဇာအာဏာနှင့်ပြည့်စုံ၊ တည်ကြည်ဖြောင့်မတ်သူဖြစ် (မရှုးမနှမ်းမပေါ့သွပ်) သူဖြစ်စေရန် လူတိုင်းမျှော်လင့်တောင့်တကြသည်။ ထိုအချက်များနှင့်ယခုဘဝရော၊ နောင်ဘဝပါ ပြည့်စုံနိုင်ရန် သီလလိုအပ်ပေသည်။ သီလနှင့် ပြည့်စုံအောင် မြတ်စွာဘုရား၏ တရားတော်များ၊ ဓမ္မပဒ၊ လောကနီတိတို့က ညွှန်ပြစောင့်ရှောက်ပေးမည်ဖြစ်သည်။ ဆရာကြီး နန္ဒာသိန်းဇံက ပြောခဲ့ဖူးသည်။

**'အမှန်တရားရဲ့ မျက်နှာကိုထောက်ထားပြီး ဖြောင့်စင်းတဲ့စိတ်၊ ရိုးသားမှန်ကန်တဲ့ စိတ်တွေသာ လူအတော်များများရှိကြမည်ဆိုရင် လူ့လောကကြီးဟာ ငြိမ်းအေးပြေလွင်ဖို့ အလားအလာအများကြီးရှိတယ်လို့ ယူဆရမှာဖြစ်တယ်'** တဲ့။ သီလတရားနှင့်ဗြဟ္မစိုရ်ခေါ် လောကပါလတရားရှိကြဖို့ ညွှန်ပြပြောဆိုခဲ့ခြင်းဖြစ်သည်။

လူတစ်ဦးတစ်ယောက်သည် အရှုံးနှင့်လောကဓံကို ခံနိုင်ရည်ရှိမှ အမှန်တကယ်ရင့်ကျက်သူဖြစ်လာမည်ဟု ဆိုသည်။ အရှုံးနှင့်လောကဓံကို ရင်ဆိုင်ရန်အတွက် နည်းလမ်းများစွာကို မြတ်ဗုဒ္ဓက ဟောကြားထားခဲ့ပြီးဖြစ်သည်။ ကိုယ့်တန်ဖိုးကို ကိုယ်မြှင့်တင်နိုင်ရန်အတွက် ဖြူစင်သော ကိုယ်ကျင့်တရား(သီလ)ရှိရမည်ဖြစ်ပေသည်။ ထို့ကြောင့် လူတစ်ဦး၏ တန်ဖိုးသည် ကိုယ်ကျင့်တရားသာလျှင် ဖြစ်သည်ဟုဆိုကာ မှားမည်မဟုတ်ချေ။

မြန်မာ့ယဉ်ကျေးမှုစံ၊ ကိုယ်ကျင့်တရားစံ၊ လိုက်နာကျင့်သုံးဖွယ်စံတို့သည် ပိုသည်မရှိ ပြီးပြည့်စုံသော စံပြဓလေ့ထုံးစံဖြစ်သည်။ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သော ဓမ္မကို အခြေခံထားခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မသည် လူမျိုးနှင့်လည်းမဆိုင်၊ ဘာသာရေးနှင့်လည်းမဆိုင်၊ မည်သည့်ပုဂ္ဂိုလ်လိုက်နာကျင့်သုံးသည်ဖြစ်စေ ဧကန်အကျိုးရှိစေသော Universal Truth ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့စံပြုဘာသာဖြစ်၍ အဆုံးအမများ၊ အကျင့်သီလများအား မြဲမြံစွာ ထိန်းသိမ်းလိုက်နာကြစေရန် တိုက်တွန်းလိုက်ရပေသည်။

**မိမိဘဝ၊ မိမိမြို့၊ မိမိကမ္ဘာမျှသာ မကြည့်သင့်၊ လောကကြီးတစ်ခုလုံးကို ခြုံငုံဆင်ခြင်သင့်သည်သာ ဖြစ်သည်။ မိမိ၏ အတ္တ၊ လောဘတို့ကိုသာ ကြည့်သောသူမှာလည်း ဝန်းကျင်နှင့်အဆင်မပြေဖြစ်သကဲ့သို့ သံသရာအတွက်လည်း မကောင်းတတ်။ ထို့ကြောင့် ပရဟိတကိုလည်း ကြည့်ရမည်ဖြစ်သည်။ အတ္တကိုမကြည့်နှင့် ကျဉ်းမြောင်းလွန်းသည်။ ပရကို ကြည့်ရမည်ဟု ဆိုထားခဲ့ခြင်း ဖြစ်သည်။**

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် သဲ၊ နုန်း၊ ရွှံ့နွံ၊ အမှိုက်နှင့်သစ်ရွက်ခြောက်များ ဆယ်ယူ



**မြစ်သား အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ ရေပြန်လည်ကျဆင်းသွားသည့် မြို့မဈေးဘေးပတ်လည်ရှိ ရေနုတ်မြောင်းများတွင် ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ သဲ၊ နုန်း၊ ရွှံ့နွံ၊ အမှိုက်နှင့် သစ်ရွက်ခြောက်များ ဆယ်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၁ ရက် နံနက် ၇နာရီခွဲက ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ရေနုတ်မြောင်းများအတွင်းရှိ သဲ၊ နုန်း၊ ရွှံ့နွံ၊ အမှိုက်နှင့်သစ်ရွက်ခြောက်များ ဆယ်ယူခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ရေကျဆင်းသွားသည့် မြို့မဈေး၊ ဘေးပတ်ဝန်းကျင်သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးအောင်မင်းကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင်တို့ ဦးဆောင်ကာ ရေမြောင်းများအတွင်းရှိ ရေပုပ်များကို မီးသတ်ယာဉ်တစ်စီးဖြင့် အပေါ့စားရေစုပ်စက်များသုံး၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၀ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက အမှိုက်သိမ်းယာဉ်တစ်စီးတို့ဖြင့် စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနတာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၉)၊ ဦးပိုင်အမှတ်(၁၉)၊ (၃၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်သီသီမြတ်(ဘ)ဦးကြည်မောင်(၉/မရမ(နိုင်)၀၄၃၆၁၈)၊ ၂။ ဦးဝဏ္ဏကို(ဘ)ဦးဆင့်(၉/ခအဇ(နိုင်)၀၂၅၉၉၅)နှင့် ၃။ ဒေါ်ကြေးမုံကို(ဘ)ဦးဆင့်(၉/ခအဇ(နိုင်)၀၂၅၉၉၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥျမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၃)၊ ဦးပိုင်အမှတ်(၄၁–ဈ)၊ ဧရိယာ(၀ ဒသမ ၀၃၀၁)ဧက အကျယ်အဝန်းရှိသော ဦးတင်ထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးတင်ထွန်း(ဘ)ဦးမြတ်စံ(၉/မရတ(နိုင်)၀၀၉၀၆၃)၊ (၂) ဒေါ်ခင်မ(ဘ)ဦးဝင်းမောင်(၉/မရတ(နိုင်)၀၀၉၀၆၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

Office- **အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**

**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၆-ဂ)၊ ဦးပိုင်အမှတ်(၂၀-ဓ)၊ ဧရိယာ(၀ ဒသမ ၂၂၂၃)ဧက အကျယ်အဝန်းရှိမြေကွက်အတွင်းမှ အနောက်မြောက်ဘက်ခြမ်းမျက်နှာပွင့်(တောင်-မြောက်)(၁၇)ပေ၊ နောက်ဆွဲ(အရှေ့-အနောက်)(၅၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဦးမျိုးဝင်း(ဘ)ဦးကျော်သိန်း(၉/မသန(နိုင်)၀၃၀၅၅၃)နှင့် ၂။ ဦးကောင်းစည်သူ(ဘ)ဦးမျိုးဝင်း(၉/အမဇ(နိုင်)၀၃၈၉၈၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥျမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၅၉(ဘီ)လမ်းနေ ဦးကျော်စိုးမိုး(၂/လကန(နိုင်)၀၄၂၃၀၂)+ဒေါ်ခင်အေး(၂/လကန(နိုင်)၀၄၂၅၅၀)တို့၏သား မောင်ကျော်သူစိုး(၉/ခအဇ(နိုင်)၀၂၁၂၆၅)သည် မိဘများ၏ဆိုဆုံးမမှုများကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာကိုမှ မိသားစုနှင့် မသက်ဆိုင်ကြောင်း တာဝန်မယူကြောင်း ၎င်းနှင့်ပတ်သက်သူအားလုံး သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စိုးမိုး+ဒေါ်ခင်အေး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်းကြည် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ဝင့်ဇာနည်ထွန်း(ဘ)ဦးသန်းထွန်း(၉/အမဇ(နိုင်)၀၂၆၁၇၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန်**

**(တရားလွှတ်တော်ရှေ့နေများ)**

အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကျန်းမာရေးရပ်ကွက်၊ အကွက်အမှတ်(၅၁၃/၃)၊ ယခင်ဦးပိုင်အမှတ်(၁၁)၊ ယခုဦးပိုင်အမှတ်(၃၁၇+၃၂၄+၃၂၅)မြေကွက်အတွင်းမှ စုစုပေါင်း ခဲစင်းပြ မြေဧရိယာ(၂၂×၃၃)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး ထရံကာ(၂)ထပ် အဆောက်အအုံ၊ ရေမီတာ+မီးမီတာ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုရောင်းချသူ ဒေါ်အေးမြင့်မူ(ဘ)ဦးဘိုးဖုံ(၉/မရမ(နိုင်)၀၁၅၄၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးမျိုးကိုကို (LL.M) ဒေါ်မေရတနာဖြိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

၄၅လမ်း၊ မနော်ဟရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၃၁၇၅၆၆၅၊ ၀၉-၄၀၂၅၃၆၂၂၆

## အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြကန်သာရပ်ကွက်နေ ဦးကျင်မြိုင်(ဘ)ဦးသြ(၉/မနမ(နိုင်)၀၅၉၇၆၉)ကိုင်ဆောင်သူမှ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၃-၄-၂၀၂၃)ရက်စွဲတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၉၈/၂၀၂၃)ဖြင့် ဒေါ်တင်တင်မော်(ဘ)ဦးအောင်ဆန်း(၉/ညဥန(နိုင်)၁၄၄၀၃၉)ထံသို့ လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် တရားရုံးကျမ်းကျိန်ချက်၊ အရပ်ကတိစာချုပ်နှစ်စောင်တို့အား ယနေ့ကြော်ငြာပါသည့်ရက်မှ ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်တင်တင်မော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျင်မြိုင်(ဘ)ဦးသြ**

**(၉/မနမ(နိုင်)၀၅၉၇၆၉)**

**ဖုန်း ၀၉-၇၈၄၈၅၄၆၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်း၊ ၈၇လမ်းထောင့်နေ ကျွန်မ ဒေါ်ပြည့်ဖြိုးခိုင်(ဘ)ဦးမြဦး(၉/မဟမ(နိုင်)၀၃၂၃၇၇)နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်မိုး(ဘ)ဦးကျော်ဝင်းအောင်(၉/ခအဇ(နိုင်)၀၃၄၄၃၄)တို့သည် (၂၆-၆-၂၀၂၂)ရက်နေ့တွင် စိတ်သဘောထားချင်းမတိုက်ဆိုင်သောကြောင့် ယင်းနေ့(၂၆-၆-၂၀၂၂)ရက်နေ့မှစ၍ ဦးအောင်ကျော်မျိုးသည် ၎င်း၏သဘောဆန္ဒအရ အိမ်ပေါ်မှ ဆင်းသွားခဲ့ပြီး ယနေ့အချိန်ထိ ကျွန်မဒေါ်ပြည့်ဖြိုးခိုင်နှင့် ပတ်သက်မှုမရှိသလို အဆက်အသွယ်လည်း မရှိခဲ့ပါ။ ထို့ကြောင့်၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စရပ်များသည် ကျွန်မနှင့် မည်သို့မျှ ပက်သက်မှုမရှိကြောင်း ထို့ပြင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးနှင့် အခြားကိစ္စအဝဝများအားလုံးကို ကျွန်မဒေါ်ပြည့်ဖြိုးခိုင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဒေါ်ပြည့်ဖြိုးခိုင်(၉/မဟမ(နိုင်)၀၃၂၃၇၇)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

○ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို စတင်ကျင်းပရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာ သံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုဖြင့် တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ အားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ၊ မိမိတို့၏ အမျိုးသား ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာမြင့်မားအောင် ကြိုးပမ်း စွမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စု

စာမျက်နှာ ၃ သို့ ○

## မြဝတီကို ဂိုးပြတ်အနိုင်ယူကာ ကိုးပွဲမြောက် နိုင်ပွဲရခဲ့သည့် ရန်ကုန်ယူနိုက်တက်

**နေပြည်တော် အောက်တိုဘာ ၁၄**

MNL(U-20)Youth League 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ(Week)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့ကြပြီး ရန်ကုန် ယူနိုက်တက်အသင်းက လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဂိုးများကို တိုက်စစ်မှူး စိုင်းဇေယျာကျော် တစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက် အသင်းသည် ယနေ့နိုင်ပွဲကြောင့် ၁၇ ပွဲ ကစားအပြီးတွင် ကိုးပွဲနိုင်၊ သုံးပွဲ သရေ၊ ငါးပွဲ ရှုံး ရမှတ် ၃၀ မှတ်ဖြင့် အဆင့် ၄ တွင် ဆက်လက်ရပ်တည်နေသည်။ မြဝတီအသင်းသည် ၁၈ ပွဲ ကစားအပြီးတွင် သုံးပွဲနိုင်၊ ငါးပွဲ သရေ၊ ၁၀ ပွဲရှုံး ရမှတ် ၁၄ မှတ်ဖြင့် အဆင့် ၁၁ တွင် ဆက်လက်ရပ်တည်နေသည်။

(NGB)

0-0-0-0-0

0-0-0

## သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ် ဆီမီး (၁၀၀၀၀) မီးထွန်းပွဲတော်အား မန္တလေးမြို့တော် ၂၆ လမ်း၊(၆၆ လမ်းမှ ၇၃ လမ်းအထိ) ပေါ်တွင် သီတင်းကျွတ်လပြည့်နေ့ ညနေ၌ အောက်ပါအစီအစဉ်အတိုင်း စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံ၍ တေးဂီတ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေကျင်းပမည်ဖြစ်ပါသဖြင့် မန္တလေး မြို့တော်သူ၊ မြို့တော်သားများ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား ပါဝင်ဆင်နွှဲနိုင်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| နေ့ရက် | - | ၁၇-၁၀-၂၀၂၄ (ကြာသပတေးနေ့)၊ ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့။ |
| အချိန် | - | ညနေ (၆း၀၀)နာရီမှ ည (၁၀း၀၀)နာရီအထိ ။ |
| နေရာ | - | ၂၆လမ်း (၆၆ လမ်းမှ ၇၃ လမ်းအထိ) ။ |
| ဖျော်ဖြေရေးအစီအစဉ် | - | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား)တွင် မန်းစည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များက ဖျော်ဖြေတင်ဆက်ပါမည် ။ |
| ဧည့်ခံကျွေးမွေးရေးအစီအစဉ် | - | ဌာနဆိုင်ရာအသီးသီး၏ စတုဒိသာမဏ္ဍပ်များ။ |